၂၀၂၄ ခုနှစ်၊ (၇၆) နှစ်မြောက်

# လွတ်လပ်ရေးနေ့

အထူးထုတ်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ (ကြာသပတေးနေ့)

ကြေးမုံ



## ၇၆ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။

## သမိုင်းသင်ခန်းစာများကိုရယူ၍ စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံကို တည်ဆောက်ကြပါစို့

ဆောင်းပါး စာမျက်နှာ ( ခ ) သို့

# သမိုင်းသင်ခန်းစာများကိုရယူ၍ စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံကို တည်ဆောက်ကြပါစို့



■ ကိုရေချမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရရှိခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း (၇၆)နှစ်ရှိပြီဖြစ်သည်။ လွတ်လပ်ရေးရခဲ့သည်မှာ လူ့သက်တမ်းတစ်ခုပင်ရှိနေပြီဖြစ်သော်လည်း လွတ်လပ်ရေး၏ အရသာ၊ လွတ်လပ်ရေး၏အသီးအပွင့်များကို မြန်မာနိုင်ငံတွင် နေထိုင်ကြသည့် ပြည်သူများ တန်းတူညီမျှ ပြည့်ပြည့်ဝဝ ရရှိကြပြီးပြီလားဟု မေးခွန်းထုတ်မည်ဆိုလျှင် မရသေးပါဟု ဖြေရမည်ဖြစ်သည်။ လွတ်လပ်ရေး၏ အသီးအပွင့်များကို တန်းတူညီမျှ အဘယ်ကြောင့် မရကြသေးသည်ကို မေးခွန်းထုတ်မည်ဆိုလျှင် အဓိကဇာစ်မြစ်မှာ နယ်ချဲ့တို့၏ဆိုးမွေနှင့် ကိုလိုနီလက်သစ်တို့၏ စနက်ကြောင့် ဖြစ်သည်ဟု ပြောရမည်ဖြစ်သည်။

သို့ဆိုလျှင် ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ အခြားသူကို အပြစ်ပုံချသည်မှာ မှန်သလားဟု မေးခွန်းထုတ်မည်ဆိုလျှင် ကိုယ့်အလုပ်ကို ဖြောင့်ဖြောင့်တန်းတန်း မလုပ်နိုင်အောင်၊ ညီညီညွတ်ညွတ် မလုပ်နိုင်အောင် အချင်းချင်း စိတ်ဝမ်းကွဲအောင် လုပ်ခဲ့သူကို ရှာဖွေကြည့်ရန် မေးခွန်းပြန်ထုတ်ရမည်ဖြစ်သည်။ သေချာလေ့လာဆန်းစစ်ကြည့်လျှင် (၁၉)ရာစုခေတ်က နယ်ချဲ့ကိုလိုနီနိုင်ငံများ၏ လောဘဇောတိုက်ပြီး အပြိုင်အဆိုင် ကျူးကျော်ဝင်ရောက် ရန်ပြုခဲ့သောကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံငယ်များသည် နယ်ချဲ့တို့၏ ကျွန်ပြုခြင်းခံခဲ့ရသည်ကို အားလုံးသိရှိကြပြီးဖြစ်မည်။ မြန်မာနိုင်ငံအနေဖြင့်လည်း နယ်ချဲ့ဗြိတိသျှတို့၏ မတရားကျူးကျော်သိမ်းပိုက်ခံရပြီး နိုင်ငံနှင့် လူမျိုးအား ကျွန်သက်ရှည်အောင် သွေးခွဲအုပ်ချုပ်ခဲ့သည်ကို အားလုံးသိရှိထားကြသည်။

**အဓိကလက်သည်**

လွတ်လပ်ရေးရရှိပြီးနောက် မြန်မာနိုင်ငံတွင် ကိုလိုနီလက်အောက်ခံဘဝ၌ နယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုအုပ်ချုပ်မှု အကျိုးဆက်များ တိုင်းရင်းသားပြည်သူများကြားတွင် လက်ရှိအချိန်အထိ ကျန်ရှိနေသည်ကို သေချာလေ့လာဆန်းစစ်ကြည့်လျှင် သိနိုင်ပါသည်။ မျက်မှောက်ကာလတွင်လည်း ဘူးလေးရာဖရုံဆင့်ဆိုသလို နယ်ချဲ့လက်သစ်အင်အားကြီးနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်နှောင့်ယှက်မှုများရှိနေပါသည်။ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ လွတ်လပ်ရေးရပြီးသည့် အချိန်မှစ၍ ယနေ့ထက်တိုင်သက်ဆိုးရှည်နေခြင်း ဖြစ်ပါသည်။ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ရသည့် အဓိကအကြောင်းရင်းက အချင်းချင်း စိတ်ဝမ်းကွဲ၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ စိတ်ဝမ်းကွဲသည်မှာ သဘောထားခံယူချက် ကွဲကြ၍ ကွဲကြသည်ဆိုသည်ထက် စိတ်ဝမ်းကွဲအောင် သွေးခွဲမြှောက်ပင့်ပေးသည့် နောက်ခံအကြောင်းတရားများနှင့် အဓိကလက်သည်ကို သိဖို့လိုပါသည်။

ထိုသို့ စိတ်ဝမ်းကွဲသည့် အဖြစ်မျိုးသည် မြန်မာနိုင်ငံတစ်နိုင်ငံတည်း ဖြစ်နေသည်တော့မဟုတ်ပါ။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် စစ်အေးခေတ်နှောင်းပိုင်းကာလများတွင် ကိုလိုနီနယ်ချဲ့လက်သစ်ဟုခေါ်တွင်သည့် အနောက်အင်အားကြီးနိုင်ငံကြီးသည် အင်အားနည်းသည့် နိုင်ငံများအပေါ် ထိန်းချုပ်ခြယ်လှယ်နိုင်ရန် သို့မဟုတ် ဩဇာလွှမ်းမိုးနိုင်ရန် သို့မဟုတ် ပြည်ထောင်စုနိုင်ငံများ ပြိုကွဲပျက်စီးစေရန် နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး စသည့် ကဏ္ဍပေါင်းစုံမှ မဟာဗျူဟာကျသည့် နည်းလမ်းအမျိုးမျိုးဖြင့် ချဉ်းကပ်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိနိုင်ပါသည်။

အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအား ဝင်ရောက်ထိုးနှောက်သွေးခွဲခဲ့ကြသည်။ အချင်းချင်းသွေးခွဲပြီး ဩဇာခံပုဆိန်ရိုးများ၊ ရုပ်သေးကြိုးဆွဲများကို အသုံးချကာ ဘာသာရေး၊ လူမျိုးရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး စသည်ဖြင့် အကြောင်းပြပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ပြုလုပ်ခဲ့ကြသည်။ တိုင်းပြည်ပြိုကွဲပျက်စီးပြီးလျှင် ၎င်းတို့၏ လက်ဝေခံအစိုးရ

အထူးထုတ် [ ၈ ] သို့ »»»

“ကမ္ဘာပေါ်တွင် တိုင်းတစ်ပါးဘာသာရေး၊ ယဉ်ကျေးမှုလွှမ်းမိုးရာမှ မူရင်းနိုင်ငံ ဘာသာယဉ်ကျေးမှု ပျောက်ကွယ်ခဲ့ရသည့်နိုင်ငံများ၊ စစ်ပြီးကာလ တိုင်းပြည်ပြာပုံဘဝမှ စည်းလုံးညီညွတ်မှုဖြင့် တိုင်းပြည်ပြန်လည်ထူထောင်ခဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများ၊ တိုင်းတစ်ပါးမှ သွေးခွဲသပ်လျှိုပေးမှုကြောင့် တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားပြီး တိုင်းပြည်ပြိုကွဲခဲ့ရသည့်နိုင်ငံများ၊ စစ်အေးလွန်ကာလ အရှေ့အနောက်ကွဲပြားခဲ့သည့်နိုင်ငံများ ပြန်လည်ပေါင်းစည်းပြီးနောက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံများသည် သင်ခန်းစာယူဖွယ်ရာများဖြစ်သကဲ့သို့ အတုယူအားကျ ဆောင်ရွက်ရမည့် ကမ္ဘာ့သမိုင်း မှတ်တမ်းများဖြစ်









၂၀၂၃ ခုနှစ်အတွင်း AA၊ KNLA၊ MNDAA၊ TNLA နှင့် PDF အမည်ခံ အကြမ်းဖက် အဖွဲ့များ၏ ဖိုးခွဲတိုက်ခိုက်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများကို တွေ့ရစဉ်။

»»» အထူးထုတ် [ ခ ] မှ

တစ်ရပ် အာဏာရရှိအောင် ပြုလုပ်ပေးသည်။

**ပြည်ထောင်စုပြိုကွဲ**

စစ်အေးခေတ် နှောင်းပိုင်းကာလ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းကို လေ့လာကြည့်လျှင် အနောက်အရင်းရှင်နိုင်ငံများ အုပ်စုနှင့် အရှေ့ဆိုရှယ်လစ်နိုင်ငံများ အုပ်စုတို့ ဝါဒပြိုင်အင်အားလွန်ဆွဲပွဲများကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံများစွာတို့ မြေစာပင်ဖြစ်ခဲ့ရသည်။ အစောပိုင်းကာလတစ်လျှောက်တွင် ဥရောပတိုက်၌ ထိုအင်အားလွန်ဆွဲပွဲ ပိုမိုပြင်းထန်ခဲ့သည်။ စစ်အေးတိုက်ပွဲတွင် အနောက်အုပ်စုက အသာစီးရလိုက်သဖြင့် ဥရောပအနောက်ခြမ်းသာမက ဥရောပအရှေ့ခြမ်းနိုင်ငံများမှ ဆိုရှယ်လစ်အစိုးရများ ပြုတ်ကျပြိုကွဲသွားရသည်ကို သိရှိကြရမည်ဖြစ်သည်။ အရှေ့အုပ်စု၏ ဦးကိုင်ဖြစ်သော ဆိုဗီယက်ပြည်ထောင်စုကြီးသည်ပင် ၁၅ စိတ်ကွဲကာ ပြည်ထောင်စုအဆင့် ပျောက်ကွယ်သွားသည်ကို မြင်တွေ့နိုင်သည်။

ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်သော အမေရိကန်က အရင်းရှင်စနစ်ကို ကာကွယ်ရန် မည်သည့်နိုင်ငံ၏ ပြည်တွင်းရေးကိုမဆို ဝင်ရောက်စွက်ဖက်ခွင့်ရှိသည်ဟု ကြွေးကြော်ခဲ့သည်။ ဆိုဗီယက်ကလည်း ဆိုရှယ်လစ်စနစ်ကို ကာကွယ်ရန် လုပ်ဆောင်သမျှတရားသည်ဟု ကြွေးကြော်ခဲ့သည်။ နိုင်ငံတကာတွင် တင်းမာမှုများ ဖန်တီးခဲ့သည်။ ယင်းနောက် ပြိုင်ဘက်ဆိုဗီယက်ပြည်ထောင်စုနှင့် အရှေ့ဥရောပနိုင်ငံများ ပြိုကျသွားသောအခါ အမေရိကန်သည် ပြိုင်ဘက်ကင်းစွာဖြင့် နိုင်ငံတကာ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်လာသည်။ လတ်တလောတွင်လည်း ရုရှား-ယူကရိန်း ပဋိပက္ခနှင့် အစ္စရေး-အာရပ်(ဟားမတ်စ်) ပဋိပက္ခများတွင် အမေရိကန်၏ ဝင်ရောက်စွက်ဖက်မှုကို သိသာထင်ရှားစွာ တွေ့မြင်နိုင်သည်။

**ကမ္ဘာ့သမိုင်းမှတ်တမ်း**

**ကမ္ဘာပေါ်တွင် တိုင်းတစ်ပါးဘာသာရေး၊ ယဉ်ကျေးမှုလွှမ်းမိုးရာမှ မူရင်းနိုင်ငံဘာသာယဉ်ကျေးမှု ပျောက်ကွယ်ခဲ့ရသည့်နိုင်ငံများ၊ စစ်ပြီးကာလ တိုင်းပြည်ပြာပုံဘဝမှ စည်းလုံးညီညွတ်မှုဖြင့် တိုင်းပြည် ပြန်လည်ထူထောင်ခဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများ၊ တိုင်းတစ်ပါးမှ သွေးခွဲသပ်လျှိုပေးမှုကြောင့် တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားပြီး တိုင်းပြည်ပြိုကွဲခဲ့ရသည့် နိုင်ငံများ၊ စစ်အေးလွန်ကာလ အရှေ့အနောက် ကွဲပြားခဲ့သည့်နိုင်ငံများ ပြန်လည်ပေါင်းစည်းပြီးနောက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံများသည် သင်ခန်းစာယူဖွယ်ရာများ ဖြစ်သကဲ့သို့ အတုယူအားကျ ဆောင်ရွက်ရမည့် ကမ္ဘာ့သမိုင်းမှတ်တမ်းများ ဖြစ်သည်။**

**ပြန်လည်ပေါင်းစည်း**

ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ထက်ဝက်ခန့်သာကျယ်ဝန်းသည်။ မြန်မာနိုင်ငံကဲ့သို့ပင် နှစ်ပေါင်းထောင်ချီရှည်လျားသည့် သမိုင်းကြောင်း အစဉ်အလာများရှိခဲ့သည်။ ပြင်သစ်ကိုလိုနီလက်အောက်တွင် နှစ်ပေါင်းများစွာနေထိုင်ခဲ့ရပြီး ၁၉၄၅ ခုနှစ်တွင် ဂျပန်တို့စစ်ရှုံးသဖြင့် လွတ်လပ်ရေးရခဲ့သော်လည်း ပြင်သစ်တို့က ကိုလိုနီအသက်ပြန်သွင်းလာသဖြင့် ၁၉၅၄ ခုနှစ်အထိ အင်ဒိုချိုင်းနားစစ်ပွဲ ဖြစ်ပွားခဲ့သည်။ ဂျီနီဗာသဘော

အထူးထုတ် [ ဃ ] သို့ »»»

**အတိတ်ကို ပြန်ကြည့်လျှင် ဗမာ-ရှမ်း-ကရင်-ကချင် မြန်မာ အချင်းချင်း၊ တောင်ကိုရီးယား-မြောက်ကိုရီးယား ကိုရီးယားအချင်းချင်း၊ တောင်ဗီယက်နမ်-မြောက်ဗီယက်နမ် ဗီယက်နမ်အချင်းချင်း၊ တရုတ်ဖြူ-တရုတ်နီ တရုတ်အချင်းချင်း၊ ရုရှား-ယူကရိန်း ရုရှားအချင်းချင်း၊ ခရိုအေးရှား-ဘော့စနီးယား-ဟာဇီဂိုဗီနား ယူဂိုစလပ် အချင်းချင်း အချိန်ကုန်၊ မျိုးပြုတ်၊ စီးပွားပျက်စေရန် ပဋိပက္ခများ ဖန်တီးခဲ့သည့် ခေတ်သစ်ကိုလိုနီလက်သစ်၏ အကောက်ကြံကို ထိုနိုင်ငံများအပြင် ကမ္ဘာပေါ်ရှိ နိုင်ငံများစွာ ခံစားခဲ့ကြရ**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ဖြစ်ပွားခဲ့သော ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ပျက်စီးဆုံးရှုံးမှုများကို တွေ့ရစဉ်။



၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်ဖြစ်ပွားခဲ့သော အစ္စရေး-အာရပ်(ဟားမတ်စ်) ပဋိပက္ခကြောင့် ပျက်စီးဆုံးရှုံးမှုများကို တွေ့ရစဉ်။







ပြည်ပကျူးကျော်စစ်ပွဲ၊ ပြည်တွင်း ပဋိပက္ခစစ်ပွဲများ ရှည်ကြာစွာ ကြုံတွေ့ခဲ့ရပြီး လက်ရှိအချိန်တွင် သိသာ ထင်ရှားစွာ တိုးတက်လာသော ဗီယက်နမ် နိုင်ငံ၏မြို့တော်ပုံရိပ်များ။

**မြန်မာ နိုင်ငံ၏ သမိုင်းဖြစ်ရပ် မှန်များကို ဆန်းစစ် ကြည့်မည်ဆိုလျှင် နယ်ချဲ့ တို့၏ ဆိုးညစ်ယုတ်မာသည့် အကြံအစည်များနှင့် ခြေလှမ်းများ ကို သတိထားသိမြင်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံအင်အား မတောင့်တင်းပါက သို့မဟုတ် စည်းလုံးညီညွတ်မှုမခိုင်မြဲပါက နိုင်ငံ့အချုပ်အခြာ အာဏာသည် အချိန်တိုအတွင်း လက်လွတ်ဆုံးရှုံးနိုင်သည်ဆိုသော ကြီးမားသည့်သင်ခန်းစာများကို ရရှိခဲ့ကြပြီးဖြစ်ရာ တိုင်းရင်းသား အချင်းချင်း မည်သို့ပင်စိတ်သဘောထား၊ ခံယူချက်များ ကွဲပြားခဲ့ သော်လည်း နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲအောင်၊ လွတ်လပ်ရေး၏ အသီးအပွင့်များကို တန်းတူညီမျှ ခံစားနိုင်အောင်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာအောင် စည်းလုံးညီညွတ်စွာ ဖြင့် နိုင်ငံကို တည်ဆောက်ကြရမည်ဖြစ်**

»»» အထူးထုတ် [ ဂ ] မှ

တူညီချက်အရ ကိုလိုနီအုပ်ချုပ်ရေးအဆုံး သတ်သွားသော်လည်း ပြင်သစ်သစ္စာခံနှင့် ဗီယက်နမ်ကွန်မြူနစ်ဟူ၍ တိုင်းပြည်နှစ်ခြမ်းကွဲသွားသည်။ ကွန်မြူနစ်များနှင့် ပြည်ပစွက်ဖက်မှုများကြောင့် ဗီယက်နမ် ပြည်သူတစ်သိန်းခန့် သေဆုံးခဲ့သည်။ ၁၉၇၁ ခုနှစ်အထိ နိုင်ငံမတည်မငြိမ်မှုများဖြစ်ပွားခဲ့ရာ တောင်ဗီယက်နမ်တွင် ကွန်မြူနစ်များ အားကောင်းလာသည်ကို အကြောင်းပြပြီး ၁၉၆၅ ခုနှစ်မှစတင်၍ အမေရိကန်တပ်များ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် ရုပ်သိမ်းခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် တောင်မြောက် ဗီယက်နမ် ပြန်လည်ပေါင်းစည်းခဲ့သည်။

ဗီယက်နမ်သည် ပြည်ပကျူးကျော်စစ်ပွဲ၊ ပြည်တွင်းပဋိပက္ခစစ်ပွဲများကို ရှည်ကြာစွာ ကြုံတွေ့ခဲ့သော နိုင်ငံဖြစ်သည်။ ဗီယက်နမ် ပြည်တွင်းစစ်ပွဲကာလအတွင်း သေဆုံးသူရှစ်သိန်းမှ သုံးသန်းကျော်အထိရှိမည်ဟု ခန့်မှန်းကြသည်။ ပျက်စီးဆုံးရှုံးမှုများမှာလည်း ပြာပုံနီးပါးပင်ဖြစ်သည်။ မည်သို့ပင် တိုင်းပြည်ယိုယွင်းပျက်စီးခဲ့သော်လည်း ၁၉၈၆ ခုနှစ်မှစတင်၍ ဗီယက်နမ်မျိုးချစ်ခေါင်းဆောင်များနှင့် ပြည်သူတစ်ရပ်လုံးက နိုင်ငံကို ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့ရာ ဆယ်စုနှစ် နှစ်ခုကျော်ကာလအတွင်း ဗီယက်နမ်နိုင်ငံသည် သိသာထင်ရှားစွာ တိုးတက်လာပြီး ကမ္ဘာ့ထိပ်တန်းစာရင်းဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဟုပင် ခန့်မှန်းထားကြသည်။

**သင်ခန်းစာယူစရာ**

အတိတ်ကို ပြန်ကြည့်လျှင် ဗမာ-ရှမ်း-ကရင်-ကချင် မြန်မာအချင်းချင်း၊ တောင်ကိုရီးယား - မြောက်ကိုရီးယား ကိုရီးယားအချင်းချင်း၊ တောင်ဗီယက်နမ်-မြောက်ဗီယက်နမ် ဗီယက်နမ်အချင်းချင်း၊ တရုတ်ဖြူ-တရုတ်နီ တရုတ်အချင်းချင်း၊ ရုရှား-ယူကရိန်း ရုရှားအချင်းချင်း၊ ခရိုအေးရှား-ဘော့စနီးယား-ဟာဇီဂိုဗီနား ယူဂိုစလပ်အချင်းချင်း အချိန်ကုန်၊ မျိုးပြုတ်၊ စီးပွားပျက်စေရန် ပဋိပက္ခများ ဖန်တီးခဲ့သည့် ခေတ်သစ်ကိုလိုနီလက်သစ်၏ အကောက်ကြံကို ထိုနိုင်ငံများအပြင် ကမ္ဘာပေါ်ရှိ နိုင်ငံများစွာ ခံစားခဲ့ကြရသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံရေး၊ ပထဝီနိုင်ငံရေးကို လေ့လာဆန်းစစ်ကြည့်တတ်ရန် လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပျက်ခဲ့သည်များကဲ့သို့ ကမ္ဘာ့နိုင်ငံများ၏ အဖြစ်အပျက်များမှာလည်း သင်ခန်းစာယူစရာများဖြစ်သည်။

ပြည်တွင်းရှိ ပြဿနာ၏ အခြေခံအကြောင်းတရား၊ လတ်တလော အကြောင်းတရား၊ နောက်ကွယ်မှ ကြိုးကိုင်နေသူများနှင့်အတူ ကျယ်ပြန့်သွားသည့် စစ်အနေအထား၊ စစ်၏အကျိုးဆက်နှင့် ဦးတည်ချက်တို့ကို သိရှိထားဖို့လိုပါသည်။ လက်နက်ကိုင်စစ်ပွဲများ၊ ပြည်တွင်းပဋိပက္ခများ မည်သို့ပင်ဖြစ်ပွားခဲ့သော်လည်း နောက်ဆုံးတွင် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို အဓိကထားကြပုံ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် မိမိနိုင်ငံနှင့် နယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်လိုစိတ်များ ရှိကြပုံများသည် နိုင်ငံမည်သို့ပင် ထိခိုက်ကြေကွဲပျက်စီးခဲ့သော်လည်း မိမိနိုင်ငံကို အောက်ကျနောက်ကျမဖြစ်အောင်၊ နိုင်ငံတိုးတက်လာအောင် တက်ညီလက်ညီ ကြိုးပမ်းခဲ့ကြပုံများမှာ အတုယူအားကျဖွယ်ဖြစ်သည်။ စိတ်သဘောထားကွဲပြားပြီး ရန်သူ၊ ရန်ဘက်ပင်ဖြစ်ခဲ့သော်လည်း ဖြစ်ခဲ့ကြသည်ကို သင်ခန်းစာယူကာ ရန်သူကိုပင် မိတ်ဆွေကဲ့သို့ သဘောထားပြီး အမျိုးသားအကျိုးစီးပွားကို အလေးအနက်ထားနိုင်ကြသည်မှာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကြောင့် ပင်ဖြစ်သည်။

**နိုင်ငံကိုတည်ဆောက်**

နိုင်ငံကို တိုးတက်အောင် ကြိုးပမ်းအားထုတ်ကြရာ၌ ပျက်စီးယိုယွင်းခဲ့သော နိုင်ငံများအနေဖြင့် နိုင်ငံတကာအလယ်တွင် နောက်ကျမကျန်ရစ်စေဘဲ ရှေ့သို့တက်လှမ်းနိုင်အောင် မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် တီထွင်ဆန်းသစ်မှုများကို တက်ညီလက်ညီ လုပ်ကိုင်ကြသည်။ နိုင်ငံ့စီးပွားရေး တောင့်တင်းခိုင်မာလာအောင် ပြည်ပပို့ကုန် ထုတ်ကုန်ပစ္စည်းများကို အရည်အသွေး အဆင့်အတန်းမီအောင် ကြိုးပမ်းလုပ်ကိုင်ကြသည်။ နိုင်ငံ့စီးပွား တောင့်တင်းခိုင်မာပါမှ နိုင်ငံသူနိုင်ငံသားများ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ပြီး နိုင်ငံကာကွယ်ရေးစွမ်းအားများ အားကောင်းလာကာ တိုင်းပြည်ပြိုလဲ ပျက်စီးခြင်းအဖြစ်သို့ ပြန်မရောက်နိုင်တော့ဘဲ တိုးတက်သည့် နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲမည်ဟူသော ခံယူချက်ဖြင့် အစဉ်အမြဲ ကြိုးပမ်းအားထုတ်နေကြသည်။ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့သည် စက်မှု၊ သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် သုတေသနပြု တီထွင်ဆန်းသစ်မှုဖြင့် ထိပ်တန်းနိုင်ငံများဖြစ်လာကြသည်။ ကာကွယ်ရေးစွမ်းအား တောင့်တင်းခိုင်မာသော နိုင်ငံများဖြစ်လာသည်။

အချုပ်အားဖြင့်ဆိုလျှင် မြန်မာနိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကို ဆန်းစစ်ကြည့်မည်ဆိုလျှင် နယ်ချဲ့တို့၏ ဆိုးညစ်ယုတ်မာသည့် အကြံအစည်များနှင့်ခြေလှမ်းများကို သတိထားသိမြင်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံအင်အား မတောင့်တင်းပါက သို့မဟုတ် စည်းလုံးညီညွတ်မှု မခိုင်မြဲပါက နိုင်ငံ့အချုပ်အခြာအာဏာသည် အချိန်တိုအတွင်း လက်လွတ်ဆုံးရှုံးနိုင်သည်ဆိုသော ကြီးမားသည့်သင်ခန်းစာများကို ရရှိခဲ့ကြပြီးဖြစ်ရာ တိုင်းရင်းသားအချင်းချင်း မည်သို့ပင်စိတ်သဘောထား၊ ခံယူချက်များ ကွဲပြားခဲ့သော်လည်း နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင်၊ လွတ်လပ်ရေး၏ အသီးအပွင့်များကို တန်းတူညီမျှ ခံစားနိုင်အောင်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာအောင် စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံကို တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း။ ။

## တို့လွတ်လပ်ရေး အစွန့်ရှည်ဖို့

✤ ပေါက္ကံပြည်မှ၊ အစပြုကာ
ဗုဒ္ဓဘာသာ၊ မြန်မာပြည်တွင်း
နေသို့လင်းလည်း ...
လက်ငင်းချိန်ခါ၊ သူယုတ်မာတို့
သာသနာပ၊ အားထုတ်ကြလျက်
ဗုဒ္ဓ, လူသား၊ တန်းတူထားကြ
တရားစည်ပေါက်၊ သံဃာပျောက်၍
ထိုးဖောက်မိစ္ဆာ လွှမ်းလာလျှင်....။
✤ ပေါက္ကံပြည်မှ၊ အစပြုကာ
ပြည်တည်ရာ၌၊ မျိုးဇာတိမာန်
ကြောင်းရင်းခံလည်း ...
ဖောက်ပြန်ကျင့်ဆိုး၊ ပုဆိန်ရိုးတို့
အမျိုးသားရေး၊ အားမပေးဘဲ
ဇာတိတေးပင်၊ ဖျောက်ဖျက်ချင်ကြ
စဉ်လာမာန၊ မြေသို့ကျ၍
စွမ်းစည္ဆန့်တုံးသွားခဲ့လျှင် ....။
✤ ပေါက္ကံပြည်မှ၊ အစပြုကာ
မင်းမဟာတို့၊ ရန်ခွာခန့်ကြောက်
တပ်တည်ဆောက်လည်း ...
အနောက်မျှော်ငမ်း၊ ခေးရိုးကမ်းတို့
စိတ်ဝမ်းကွဲဘိ၊ စွမ်းရည်ချည့်အောင်
ပြည့်လက်ရုံးကို၊ ရိုက်ချိုးလိုကြ
တပ်ပြိုယိုင်ခိုက်၊ တွင်းပြင်ကိုက်၍
မိုးမိုက်မှောင်မည်း သည်းခဲ့လျှင် ....။
✤ တိုင်းရင်းသွေးဟူ၊ အို ပြည်သူတို့
တွေးယူချင့်ပါ၊ တို့မြန်မာ၌
'သာသနာ' ကွယ်၊ 'မျိုးမာန်' ပြယ်ကာ
ဖယ်ရှား 'လက်ရုံး'၊ သုံးခုသုဉ်းက
အောက်ဆုံးသပေါက်၊ တို့ပြန်ရောက်လိမ့်
ပေါက္ကံအစ၊ စွဲမှတ်ကြလျက်
**ဗုဒ္ဓသာသနာ၊ ဇာတိမာန**
**သုံးဖြာလက်ရုံး၊** မပျက်သုဉ်းအောင်
စည်းလုံးနိုးကြား၊ ပြည်တွင်းအားဖြင့်
ဟန့်တားကာကွယ်ကြပါစို့။
တို့လွတ်လပ်ရေး အစွန့်ရှည်ဖို့။ ။

ကို(တက္ကသိုလ်)

ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏၊ သူတော်ကောင်း တို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 4 January 2024 ၁၁၃၃၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွတ်မှု၊ အပြန်အလှန် လေးစားယုံကြည်မှုများဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို မဏ္ဍိုင်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး**
**သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ**
**၂၀၂၄ ခုနှစ်၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့**
**ပေးပို့သည့် သဝဏ်လွှာ**

ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်အခါသမယတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြီးပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ(အမျိုးသား)ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၃**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အားကစားအသင်းများအလိုက် အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊

စာမျက်နှာ ၆ ကော်လံ ၁ သို့ ○

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်စဉ်။**

ကြေးမုံ

# လွတ်လပ်ရေးနှင့်ထိုက်တန်သည့်နိုင်ငံတော်

မြန်မာတိုင်းရင်းသားလူမျိုးအပေါင်းတို့သည် ရှေးပဝေသဏီ နှစ်ပေါင်းများစွာ ကာလကပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်စောင့်ရှောက် ကာကွယ်ခဲ့ကြသည်။ ကုန်းဘောင်ခေတ်နှောင်းကာလတွင် စည်းလုံးညီညွတ်မှုနှင့် နိုင်ငံအင်အားတောင့်တင်းခိုင်မာမှု လျော့နည်းလာသောကြောင့် ကိုလိုနီနယ်ချဲ့ လက်အောက် ကျွန်သပေါက်ဘဝသို့ ကျရောက်ပြီး တိုင်းပြည်လွတ်လပ်ရေး ဆုံးရှုံး ခဲ့ရသည်။

လွတ်လပ်ရေးဆုံးရှုံးစဉ်က နယ်ချဲ့တို့ကို လက်နက်အင်အား မယှဉ်နိုင်သည့် ကြားမှ ခါချဉ်ကောင်မာန်ကြီးသည့်စိတ်ဓာတ်၊ စည်းလုံးညီညွတ်သည့်စိတ်ဓာတ်၊ ဇာတိမာန်မလျှော့သောစိတ်ဓာတ်တို့ဖြင့် အသက်သွေးချွေးပေါင်း မြောက်မြားစွာ ရင်းနှီးပေးဆပ်ပြီး လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။ လွတ်လပ်ရေးရရှိပြီးနောက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းချမှတ်ခဲ့သည့် ဦးတည်ချက် ပန်းတိုင်ပျောက်ခဲ့ပြီး ပြည်ထောင်စုကြီး ပြိုကွဲလုနီးပါး အခြေအနေရောက်ခဲ့သည်။

ယနေ့ကာလတွင် လွတ်လပ်ရေးရရှိပြီးသည်မှာ နှစ်ပေါင်း(၇၆)နှစ်ရှိပြီဖြစ် သော်လည်း ကိုလိုနီစနစ်၏အမွေဆိုး စည်းလုံးညီညွတ်မှုပျက်ပြားသည့် အကျိုးဆက် လက်နက်ကိုင်ပဋိပက္ခများနှင့် ကြုံတွေ့နေရဆဲဖြစ်သည်။ တိုင်းပြည်လွတ်လပ်ပင် လွတ်လပ်သော်ငြားလည်း မညီညွတ်ခြင်း၏ အကျိုးဆက်ကြောင့် သူတစ်ပါး တိုင်းပြည်နှင့်စာလျှင် အောက်ကျနောက်ကျဖြစ်နေရသည်။ အစိုးရအဆက်ဆက်က တည်ဆောက်လိုက်၊ လက်နက်ကိုင်သောင်းကျန်းသူများက ဖျက်ဆီးလိုက်နှင့် လုံးလည်ချာလည်လိုက်နေဆဲဖြစ်သည်။ မညီညွတ်ခြင်းရလဒ်အဖြစ် မလိုသူတို့၏ ထိပ်ပုတ်ခေါင်းပုတ်ပြုလုပ်ခြင်းခံနေရသည်။

မြန်မာလူမျိုးတို့၏ ကောင်းမြတ်သော ဗီဇလေ့ထုံးတမ်းစဉ်လာတို့ကို မေ့လျော့ကုန်ပြီလော၊ မြန်မာလူမျိုးများ၏ ဇာတိသွေး၊ ဇာတိမာန်၊ ရဲစွမ်းသတ္တိတို့ကို မေ့လျော့ကုန်ပြီလော။ သွေးခွဲခြင်း၏ အကျိုးဆက်ကို ရရှိနေသူများမှလွဲ၍ မြန်မာ့စိတ်ထား၊ မြန်မာ့အားမာန်များ မပျောက်မပျက်ရှိနေပါသေးသည်။ တိုင်းပြည်ကို ချစ်မြတ်နိုးသည့်စိတ်၊ တိုင်းပြည်ကို တိုးတက်ကြီးပွားလိုသည့်စိတ်၊ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ်ထားကြသူများ အမြောက်အမြားရှိနေပါသေး သည်။ တိုင်းပြည်ကို ဖျက်ဆီးလိုကြသူတစ်စုကို တိုင်းပြည်ကို ချစ်မြတ်နိုးသည့် လူအများက ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံကို မြန်မာတို့ထက်ပို၍ မည်သည့်နိုင်ငံသားမျှ မချစ်နိုင်ပါ။ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း မည်သည့်နိုင်ငံသားကမှ မလုပ်နိုင်ပါ။ မြန်မာနိုင်ငံနှင့် မြန်မာတို့အပေါ် စိတ်ကောင်းစေတနာကောင်းထားသည့် နိုင်ငံအများအပြားရှိပါသည်။ သို့သော် မြန်မာတို့ အလုပ်လုပ်ကြဖို့လိုပါသည်။ မြန်မာတို့ ညီညွတ်ကြဖို့လိုပါသည်။ မြန်မာများ စည်းလုံးညီညွတ်မှုမရှိက ဒုက္ခရောက်ကြပြန်ပါဦးမည်။ မြန်မာများ ဒုက္ခရောက်ပြီဆိုလျှင် နယ်ချဲ့လက်သစ်နှင့် အပေါင်းပါများ၊ လက်ဝေခံများက မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုသကဲ့သို့ ဝမ်းမြောက် အားရနေကြမည်ဖြစ်သည်။

ထို့ကြောင့် ရရှိထားသော လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်၊ မြန်မာအချင်းချင်း စည်းလုံးညီညွတ်ကြရန်၊ မြန်မာများ အလုပ်ပိုမိုကြိုးစားလုပ်ကိုင်ကြရန် လိုအပ်ပါသည်။ အချင်းချင်းမညီညွတ်မှု၊ အလိုတော်ရိတို့၏ လမ်းခင်းပေးမှုကြောင့် တိုင်းပြည်ကျွန်ဖြစ်ခဲ့ရသည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။ ယခုလည်း အချင်းချင်းမညီညွတ်၊ အလိုတော်ရိနှင့်အဖျက်သမားတို့၏ လမ်းခင်းပေးမှုနောက်ကို လိုက်ပါမည်ဆိုပါက တိုင်းပြည်ပြိုကွဲပျက်စီးပြီး သူများနောက်ကောက် ကျွန်ဘဝမှ တက်နိုင်တော့မည်မဟုတ်ပေ။ ထို့ကြောင့် တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် တိုင်းပြည်မပျက်စီးအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ချမှတ်ထားသော အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ အကြမ်းဖက်ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အားပေး မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဆိုပါ အမျိုးသားရေးဦးတည်ချက် (၅)ရပ်ကို လက်တွေ့အကောင်အထည်ပေါ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် မှသာ လွတ်လပ်ရေးနှင့် ထိုက်တန်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းနေမည်ဖြစ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေး မြှင့်တင်ဆောင်ရွက်ရေး။

## ကျိုက်ထိုမြို့နယ် အမှတ်(၂) မူလွန်မြောက်ပိုင်းကျောင်း၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်

**ကျိုက်ထို ဇန်နဝါရီ ၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၆) နှစ်မြောက် လွတ်လပ်ရေး နေ့အကြို အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၂) မူလွန်မြောက်ပိုင်း ကျောင်း၌ ပြုလုပ်သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေမာက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံနှင့် ကျောင်းသား ကျောင်းသူများ စာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများ အသိပညာတိုးပွားရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေး စာအုပ်စာပေများ၊ မူးယစ်ဆေးဝါး အန္တရာယ် သတိပြုကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ် အသိပညာပေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသားကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဇီးကုန်းမြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**ဇီးကုန်း ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး (၇၆)နှစ်မြောက် လွတ်လပ်ရေး နေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကိုကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၁ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၉၇၅ | ၈,၄၄၁,၂၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၁,၂၈၆ | ၃,၆၆၂,၇၀၀ |
| MCB | ၇,၅၀၀ | ၇,၉၀၀ | ၁၄၆ | ၁,၁၀၉,၀၀၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၃,၀၁၃ | ၄,၆၇၁,၀၀၀ |
| TMH | ၂,၄၀၀ | ၂,၅၀၀ | ၁၇ | ၄၁,၅၀၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၆၇၇ | ၁,၂၈၈,၉၅၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၄၁ | ၁၉၂,၇၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၈၇၉ | ၁,၅၃၈,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

> ❖ **အသက်တမျှအရေးကြီးသည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မြန်မာ့တပ်မတော်မှ တိုင်းရင်းသားပြည်သူများနှင့် တွဲလက်ညီညီရင်ဆိုင်ကာကွယ်ခဲ့ခြင်းကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့နေခြင်းသာ ဖြစ်ပါသည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အဓိက မဏ္ဍိုင်ဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လေးနက်စွာခံယူစောင့်ထိန်းကြရမည့် ကျင့်ဝတ်တစ်ခုပမာ ထင်ရှားစွာတည်ရှိနေပါသည်။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားကိုအားကောင်းစေသည့် စစ်မှန်၍စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖော်ဆောင်ရေးတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးမှ လေးနက်စွာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်**

☆ **ရှေ့ဖုံးမှ**

မြန်မာနိုင်ငံရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံးသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာများကိုထိန်းသိမ်းကာကွယ် စောင့်ရှောက်ရင်း ကိုယ့်ထီးကိုယ့်နန်းဟူသော အရိပ်အာဝါသအောက်တွင် ခံ့ညားထည်ဝါစွာ ရပ်တည်နေထိုင်ခဲ့ကြပါသည်။ သို့ရာတွင် ကမ္ဘာပေါ်၌ ကျယ်ပြန့်စွာ စိုးမိုးဗိုလ်ကျလာခဲ့သော ကိုလိုနီစနစ်ဆိုးကြီးကြောင့် သယံဇာတ ပေါကြွယ်ဝသည့် မိမိတို့နိုင်ငံသည်လည်း ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်တို့တွင် နယ်ချဲ့ဗြိတိသျှတို့၏ ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲမှုဖြင့် မတရားကျူးကျော် သိမ်းပိုက်ခြင်းကိုခံခဲ့ရပြီး ၁၈၈၆ ခုနှစ်တွင် လွတ်လပ်ရေးနှင့်အတူ အချုပ်အခြာအာဏာကိုပါ ဆုံးရှုံးခဲ့ရပါသည်။

ကိုယ့်ထီးကိုယ့်နန်းကို တန်ဖိုးထားသည့်စိတ်၊ ဖိနှိပ်ချုပ်ချယ်မှုအပေါ် မခံချင်စိတ်၊ နယ်ချဲ့ဗြိတိသျှနှင့် ဖက်ဆစ်များအပေါ် နာကြည်းစိတ်များကြောင့် ဖြစ်ပေါ်လာသော ပြည်ထောင်စုစိတ်ဓာတ်ကို အကြီးမားဆုံးခွန်အား၊ စွမ်းအားအရှိဆုံးလက်နက်အဖြစ် အသုံးပြုကာ မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအဖြစ် ပြန်လည်ရပ်တည်နေနိုင်ခဲ့သည်မှာ ယခုအခါ (၇၆)နှစ် တိုင်ခဲ့ပြီ ဖြစ်ပါသည်။

တစ်ခဏတာအတွင်း ဆုံးရှုံးလိုက်ရသော လွတ်လပ်ရေးကို နှစ်ပေါင်းများစွာ တိုင်းရင်းသားပြည်သူများ၏ အသက်၊ သွေး၊ ချွေးများကို ရင်းနှီးပေးဆပ်၍ ပြန်လည်ကြိုးပမ်းရယူခဲ့ရပါသည်။ ရှေးဘိုးဘွားများ၏ မျိုးချစ်စိတ်၊ နိုင်ငံတော်အတွက် ပေးဆပ်စွန့်လွှတ်ရဲသည့်စိတ်များကြောင့် လွတ်လပ်ရေးဟူသော အနှိုင်းမဲ့ဂုဏ်ဒြပ်နှင့်အတူ ပြည်ထောင်စုတစ်ခုကို ပိုင်ဆိုင်ခဲ့ရသော်လည်း နိုင်ငံရေးနှင့် လူမျိုးရေးအရ အယူဝါဒကွဲပြားမှုများကြောင့်ပင် မြန်မာနိုင်ငံမှာ မုန်တိုင်းကြားမှပျိုးပင်ငယ်ပမာ ကာလများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြန်ပါသည်။ ၎င်းပြည်တွင်းပဋိပက္ခ၏ အမြုတေမှာ နယ်ချဲ့တို့၏ နှစ်ပေါင်းများစွာ သွေးခွဲအုပ်ချုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းခြင်းဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်ထောင်စုပြိုကွဲခြင်း၊ အချုပ်အခြာအာဏာဆုံးရှုံးခြင်းဆိုသည့် အခြေအနေများကို ခြိမ်းခြောက်လာသော အန္တရာယ်အသွယ်သွယ်ကို ရင်ဆိုင်ခံစားခဲ့ရပြန်ပါသည်။

အသက်တမျှအရေးကြီးသည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မြန်မာ့တပ်မတော်မှ တိုင်းရင်းသားပြည်သူများနှင့် တွဲလက်ညီညီ ရင်ဆိုင်ကာကွယ်ခဲ့ခြင်းကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့နေခြင်းသာဖြစ်ပါသည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လေးနက်စွာခံယူစောင့်ထိန်းကြရမည့် ကျင့်ဝတ်တစ်ခုပမာ ထင်ရှားစွာတည်ရှိနေပါသည်။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားကို အားကောင်းစေသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖော်ဆောင်ရေးတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးမှ လေးနက်စွာလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို ယခင်အစိုးရအနေဖြင့် တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ခြင်းမရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် ကြိုးပမ်းခဲ့ခြင်းကြောင့် တပ်မတော်က ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အဖြစ် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ချမှတ်ထားပါသည်။ ထို့အတူ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဟူသော အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် လူမျိုးကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသကို အခြေခံသည့်စနစ်ကို အဓိကဦးတည် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ **“ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် ဦးဆောင်သူ၊ အကောင်အထည်ဖော်ဆောင်ရွက်သူ၊ လိုက်နာကျင့်သုံးသူများအားလုံး အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စဉ်းစားတွေးခေါ်မှု စွမ်းရည်များနှင့် ပြည့်စုံရန် လိုအပ်သဖြင့် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်”** ပေးရမည် ဖြစ်ပါသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးကို အာမခံနိုင်မည် ဖြစ်ပါသည်။ တိုင်းရင်းသားဒေသများ၊ အထူးသဖြင့် ပြည်နယ်များရှိ ကျေးလက်ဒေသအချို့တွင် ဘာသာစကားအခက်အခဲများ၊ ပညာရေးအားပေးမှု နည်းပါးခြင်းများနှင့် အခြားသော စိန်ခေါ်မှုများကြောင့် ပညာရေး အားနည်းသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသား ပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများ တတ်မြောက်ရန် မလွဲမသွေ ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက် တွင် ယခင် “**အ**” သုံးလုံးကျေသင်တန်းကဲ့သို့ စာတတ်မြောက်ရေး လှုပ်ရှားမှုကို စေတနာရှင် ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဒေသခံပညာတတ်များ၊ ဒေသခံဝန်ထမ်းများက တိုင်းရင်းသားဘာသာစကား သင်ကြားရေး အထောက်အကူပြု ဆရာ ဆရာမများ၏ အကူအညီရယူကာ နိုင်ငံတစ်ဝန်း အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြမည် ဖြစ်ပါသည်။

ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အမှန်တကယ် စာတတ်မြောက်အောင် ဆရာ ဆရာမများက သင်ကြားပို့ချပေးရမည်ဖြစ်ပြီး စာပေဖတ်ရှုလေ့လာမှုကို ဆက်လက်အားပေးရမည် ဖြစ်ပါသည်။ ဥပဒေအသိပညာ တတ်မြောက်သူများ၊ စီးပွားရေးအသိပညာ အခြေခံတတ်သိနားလည်သူများ ပေါ်များစေရေးနှင့် စီးပွားရေးပညာရှင်များ ပေါ်ထွန်းလာစေရေးတို့အတွက် တက္ကသိုလ်များတွင် ဥပဒေပညာနှင့် စီးပွားရေးပညာတို့ကို တိုးချဲ့သင်ကြား ပေးလျက်ရှိပါသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသော ပညာတတ်များပေါ်များရေးကို ဦးတည်ကြိုးပမ်းကြရမည် ဖြစ်ပါသည်။ ပညာရည် မြင့်မားမှသာ ပိုင်းခြားဝေဖန်ဆန်းစစ်နိုင်သည့် အတွေးအခေါ်များ ရရှိမည်ဖြစ်သောကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပညာရည် တိုးတက်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ အနာဂတ်လူငယ်များကို မိမိတို့ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းတတ်စေရေးနှင့် တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်စေရေးတို့အတွက် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

မြန်မာနိုင်ငံတွင် နိုင်ငံသားအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားဆောင်ရွက်နေကြသူများဖြစ်ကြပြီး ကျေးလက်နေလူဦးရေ ၇၂ ရာခိုင်နှုန်းအနက် ၄၅ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေးနှင့် အသက်မွေးကြသူများ ဖြစ်ကြပါသည်။ အခြားကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးနှင့် ဆက်နွှယ်သည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြပါသည်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် ရေရရှိရေး၊ မြေဩဇာ/အစားအစာ၊ မျိုးကောင်းမျိုးသန့်၊ စိုက်နည်းစနစ်တို့ကို ကြိုးစားအားထုတ်မှုဖြင့် ပေါင်းစပ်လုပ်ကိုင်မည်ဆိုပါက အမျိုးသားရေးရည်မှန်းချက်တစ်ရပ်ဖြစ်သည့် စားရေရိက္ခာဖူလုံရေးကို စိုက်ပျိုးမွေးမြူရေးက ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်မည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပါသည်။ လူတိုင်းလက်လှမ်းမီသည့် ပညာရေးဖြစ်ရန် လိုအပ်သည့်အတွက် အလယ်တန်းပညာ ပြီးမြောက်သူများ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်နိုင်ရန် ခရိုင် ၅၀ တွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်း ၅၁ ကျောင်း ဖွင့်လှစ်ထားပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်ကာ ဆက်လက်၍လည်း တိုးချဲ့ဖွင့်လှစ်သွားရန် စီမံထားရှိပြီး ဖြစ်ပါသည်။ အဆိုပါကျောင်းများမှ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကျွမ်းကျင်သူများဖြစ်အောင် သင်ကြားလေ့ကျင့်ပေးကာ ထိုမှတစ်ဆင့် ဘာသာရပ်အလိုက် ထူးချွန်သူများအနေဖြင့် သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်သင်ကြားနိုင်မည် ဖြစ်ပါသည်။ ထိုသို့ ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး ထုတ်လုပ်ခြင်းမှ အဆင့်တက်ကာ ပြည်တွင်းလိုအပ်ချက် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှ ကုန်ချောတင်သွင်းနေရသူ (Importer) အဖြစ်မှ ပြည်တွင်း ကုန်ချောလိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်လျက် ပြည်ပသို့ ကုန်ချောပြန်လည်တင်ပို့သူ (Exporter) အဖြစ်သို့ ရောက်ရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ **“စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME)ကို အားပေးမြှင့်တင်ဆောင်ရွက်”** ကာ အဆင့်မြင့်ကုန်ထုတ်လုပ်မှု နည်းပညာများကို လေ့လာဆည်းပူး၍ အရည်အသွေးကောင်းမွန်သော တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်လျက် နိုင်ငံ၏လူမှုစီးပွားဘဝ မြင့်မားတိုးတက်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်တွင်း ပြည်ပ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းမှန်ကန်မှုရှိစေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် တစ်နိုင်ငံလုံး ရာနှုန်းပြည့် ဆန္ဒမဲပေးနိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိပါသည်။ မဲဆန္ဒရှင်စာရင်းများ အောင်မြင်စွာ ကောက်ယူနိုင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် အချက်အလက်များ ရရှိစေရေးအတွက် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် လိုအပ်ပါသည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်မှစတင်၍ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယင်းအပေါ် မူတည်၍ ခိုင်မာမှန်ကန်သည့် မဲစာရင်းများ ရရှိလာပါက **“ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့် ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်”** သွားကြရမည် ဖြစ်ပါသည်။ စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေးနှင့် ၎င်းရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွတ်မှု၊ အပြန်အလှန်လေးစားယုံကြည်မှုများဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို မဏ္ဍိုင်ပြု၍ ချမှတ်ထားသော အဂ္ဂမဟာဗျူဟာ၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို လက်တွေ့ကျကျ ကျင့်သုံးပြီး ဆက်လက်၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်ကို ပြည်ထောင်စုဖွား တိုင်းရင်းသားညီနောင် အားလုံးက လေးနက်စွာခံယူ၍ သမိုင်းအစဉ်အလာကြီးမားသော အမိမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် စစ်မှန်သော မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များဖြင့် သွေးစည်းညီညွတ်စွာ လက်တွဲပါဝင်ကြိုးပမ်း ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာအား ပေးပို့အပ်ပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ပါဠိဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြစဉ်။

# နေပြည်တော် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ နေပန်လပန်ရွှေဟောင်းစေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ နေပန်လပန်ရွှေဟောင်းစေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

**တက်ရောက်ပူဇော်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပန်လပန်ရွှေဟောင်းစေတီတော် ပရိဝုဏ်တော်အတွင်းသို့ ရောက်ရှိပြီး မဟာမင်္ဂလာမဏ္ဍပ်တော် အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်သည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရတနာစိန်ဖူးတော်မြတ်အတွင်းသို့ ဌာပနာတော်များကို ထည့်သွင်းပူဇော်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ပါဠိဆရာတော်ကြီးထံ ရတနာစိန်ဖူးတော်ကို သာဟတ္ထိကဒါနမြောက် ဆက်ကပ်ပူဇော်ကြစဉ်။

ထို့နောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ပါဠိဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ **စာမျက်နှာ ၅ သို့** ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာစိန်ဖူးတော်မြတ်အတွင်းသို့ ဌာပနာတော်များ ထည့်သွင်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ကာ ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။

❖ စာမျက်နှာ ၄ မှ
ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ယင်းနောက် သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော် မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော် ဝတ္ထုကံတော်အတွင်း၌ ပက်ဖျန်းကြဲဖြန့်ချည်နှောင်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့ကို ပါဠိဆရာတော်ကြီးထံ သာဟတ္ထိက ဒါနမြောက် ဆက်ကပ်ပူဇော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်ပြီး ကောင်စီတွဲဖက် အတွင်းရေးမှူးနှင့်ကောင်စီဝင်များက သံဃာတော် အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ပါဠိဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူ၍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ကြစဉ်။

လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာအချိန်တွင် စေတီတော်အထွတ်၌ တင်လှူပူဇော်ကာ ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မဟာမင်္ဂလာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ဆက်လက်ပြီး သံဃာတော် အရှင်သူမြတ်များက နေပန်လပန်ရေးဟောင်း စေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မင်္ဂလာမော်ကွန်း ကမ္ပည်းကျောက်စာတော်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းဖွင့်လှစ်၍ ရတနာရွှေခေါင်းလောင်းတော်ကို ထိုးခတ်ပူဇော်သည်။

အဆိုပါ နေပန်လပန်ရေးဟောင်း စေတီတော်မြတ် လေးဆူသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာနမှ ပညာရှင်များ၏ ခန့်မှန်းချက်အရ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀ ကျော်ခန့် ညောင်ရမ်းခေတ်တွင် တည်ထားခဲ့သော စေတီတော်ဖြစ်ကြောင်း၊ ၂၀၀၅ ခုနှစ်တွင် လက်ရှိ သုခရတနာကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ အာလောက၏ ခမည်းတော်ဖြစ်သူနှင့် ဦးရီးတော်ဖြစ်သူတို့က တွေ့ရှိခဲ့ပြီး ပြန်လည်ဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နေပန်လပန်ရေးဟောင်း စေတီတော်မြတ်လေးဆူကို ဗုဒ္ဓသာသနာတော် အဓွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ သာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ အမှူးပြုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင်မွမ်းမံတည်ထားပူဇော်ပြီးစီးခဲ့ပြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ယနေ့တွင် အောင်မြင်စွာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန အင်္ဂလိပ်စာစွမ်းရည်တိုးတက်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် ဖွင့်လှစ်ပေးခဲ့သည့် အင်္ဂလိပ်စာစွမ်းရည်တိုးတက်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာနစုပေါင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန် / ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများ၏ အင်္ဂလိပ်စာစွမ်းရည် စားပွဲဝိုင်းဆွေးနွေးမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းဝန်ထမ်းများ အနေဖြင့် မိမိတို့ လေ့လာဆည်းပူးတတ်မြောက်ခဲ့သည့် ပညာရပ်များကို မိမိတို့ရုံးဌာနခွဲအသီးသီး၌လည်း ပြန်လည်ဆင့်ပွားသင်ကြားပေး






ကြရန်၊ မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်လာစေရန် ပညာတန်ဆောင်ကို လက်ဆင့်ကမ်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သော နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရေးအတွက် ကြိုးစားအားထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ အင်္ဂလိပ်စာစွမ်းရည်တိုးတက်ရေး သင်တန်းနည်းပြ ဦးသန်းဆွေက သင်တန်းလေ့ကျင့်သင်ကြားပေးခဲ့မှုနှင့် တိုးတက်ဖြစ်ထွန်းမှုများ ရှင်းလင်းပြောကြားခဲ့ပြီး ထူးချွန်ဆုရဝန်ထမ်းများကို ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါ အင်္ဂလိပ်စာစွမ်းရည်တိုးတက်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ကို ရက်သတ္တ ၁၀ ပတ်ကြာ ကျွမ်းကျင်နည်းပြက စနစ်တကျ လေ့ကျင့်သင်ကြားပေးခဲ့ပြီး တာဝန်ရှိသူများနှင့် နည်းပြတို့က အင်္ဂလိပ်စာစွမ်းရည်တိုးတက်မှုအခြေအနေများကို အပတ်စဉ်အကဲဖြတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၃**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက သန်လျင်မြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)တွင် ကျင်းပသည်။

ဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်) ကျောင်းအုပ်ကြီး ဒေါက်တာကျော်ခိုင်ခိုင်အောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုတို့က အမှာစကားပြောကြားသည်။

ကျပန်းစကားပြောပြိုင်ပွဲတွင် ယနေ့လူငယ်နောင်ဝယ်လူကြီး ခေါင်းစဉ်ဖြင့် မောင်ထိန်လင်း(EP)၊ ချစ်မြတ်နိုးစရာမြန်မာ့အနုပညာ ခေါင်းစဉ်ဖြင့် မောင်ဟိန်းလင်းသူ(EP)၊ မူးယစ်ရန်စွယ်တို့ကာကွယ် ခေါင်းစဉ်ဖြင့် မဖူးပြည့်မောင်(Civil)၊ ပညာရဲရင့်ပွဲလယ်တင့်ခေါင်းစဉ်ဖြင့် မခင်သန္တာအေး(Mech)၊ ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ ခေါင်းစဉ်ဖြင့် မောင်ကျော်ဇေယျာလွင် (Mech)၊ စာပေမြင့်မှလူမျိုးတင့်မည်ခေါင်းစဉ်ဖြင့် မအေးချမ်းမြင့်မိုရ်((Civil)တို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုရသူများနှင့် အကဲဖြတ်ဒိုင်များအား ကျောင်းအုပ်ဆရာကြီး ဒေါက်တာကျော်ခိုင်ခိုင်အောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုနှင့် တာဝန်ရှိသူများက ဆုများနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြပြီး အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနက ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးနေမှုနှင့် နံရံကပ်စာစောင်ဖတ်ရှုနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

**တင်ဝင်းတင်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ(အမျိုးသား)ဗိုလ်လုပွဲကို ကြည့်ရှုအားပေးစဉ်။

**○ (၇၆)နှစ်မြောက်မှ**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**အကြိတ်အနယ်ယှဉ်ပြိုင်**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဆိုပါအသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ် ဖိအားပေးယှဉ်ပြိုင်ကြပြီး ပွဲကစားချိန် ၈ မိနစ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက အဖွင့်ဂိုးရရှိခဲ့ပြီး ဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် ပွဲကစားချိန် ၁၁ မိနစ်တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းကချေပဂိုးနှင့် ပွဲချိန် ၁၆ မိနစ်နှင့် ပွဲချိန် ၁၈ မိနစ်တို့တွင် ဦးဆောင်ဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် သုံးဂိုး-တစ်ဂိုးဖြင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၄၂ မိနစ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်း ၄၅ မိနစ် ပြီးဆုံးချိန်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

**ဆက်လက်ယှဉ်ပြိုင်**

ယင်းနောက် ဒုတိယပိုင်းပွဲကစားချိန်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲစလျှင် စချင်း ၄၇ မိနစ်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ချေပဂိုးတစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သဖြင့် တစ်ဖက်သုံးဂိုးစီဖြင့် နှစ်ဖက်အပြန်အလှန် အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ကြသည်။ ကျန်ရှိသည့် ပွဲကစားချိန်အတွင်း အနိုင်ဂိုးရရှိရေး ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်သည့်အချိန်တွင် သရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့ရသဖြင့် အချိန်ပို ပထမပိုင်းကို ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရသည်။

အချိန်ပိုမိနစ် ၃၀ ကိုဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အချိန်ပို ၁၈ မိနစ်တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ၁၈ ကိုက်စည်းအပြင်ဘက်မှ အပြင်းကန်သွင်းချက်ဖြင့် ဦးဆောင်ဂိုးရရှိခဲ့ပြီး ချေပဂိုးပြန်လည်သွင်းယူနိုင်ခြင်းမရှိသဖြင့် ပွဲကစားချိန်များပြီးဆုံးချိန်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို လေးဂိုး-သုံးဂိုးဖြင့် ထိုက်တန်စွာ အနိုင်ရဗိုလ်စွဲခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံးအားကစားသမားဆုရရှိခဲ့ကြသည့် အားကစားသမားများကို ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကောင်စီဝင်များ ဖြစ်ကြသည့် ခွန်စံလွင်၊ ဒေါက်တာဘရွှေ၊ ဒေါက်တာ မှုထန်နှင့် မန်းငြိမ်းမောင်တို့က ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အသင်းလိုက် စတုတ္ထဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းအား ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောကလည်းကောင်း၊ တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ကလည်းကောင်း၊ ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းအား ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော စတုတ္ထဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ အကောင်းဆုံးအားကစားသမားဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီး ပေးပို့ကြသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက်ပရယ်ဘိုရိုနစ် နိုရိုဒွန်သီဟာမိုနီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘောဒီးယားနိုင်ငံ ပြည်သူများမှ မိမိနှင့်အတူ အဆွေတော်နှင့် မြန်မာနိုင်ငံ ပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား နီးကပ်ပြီး ကာလရှည်ကြာသော ဆက်ဆံရေးမှာ တူညီသော ယဉ်ကျေးမှုနှင့် ဘာသာတရား ဓလေ့ထုံးတမ်းများ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့အပေါ် အခြေခံထားခြင်းဖြစ်ပါသည်။ လာမည့် အနာဂတ်တွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး မိမိတို့ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အဆွေတော်အနေဖြင့် ကျန်းမာရွှင်လန်း၍ အေးချမ်းပါစေကြောင်းနှင့် မြန်မာနိုင်ငံ ပြည်သူအပေါင်း ငြိမ်းချမ်း၍ ကျန်းမာပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အမျိုးသားအားလပ်ရက်ဖြစ်သော လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ရုရှား - မြန်မာဆက်ဆံရေးသည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုရှိပါသည်။ မိမိတို့ နှစ်နိုင်ငံပူးတွဲဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် အာရှ-ပစိဖိတ် ဒေသတည်ငြိမ်မှုနှင့် လုံခြုံမှု ပိုမိုခိုင်မာစေရေးအတွက် နယ်ပယ်ကဏ္ဍစုံတွင် နှစ်ဖက်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ထပ်မံတိုးမြှင့်လုပ်ဆောင်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

၂၀၂၄ ခုနှစ်၊ နှစ်သစ်အခါသမယတွင် အဆွေတော်အား နှုတ်ခွန်းဆက်သအပ်ပါသည်။ အဆွေတော် ကျန်းမာပျော်ရွှင်၍ အောင်မြင်မှုများရရှိပြီး မြန်မာပြည်သူများအားလုံး ငြိမ်းချမ်း၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာရာနေးလ် ဝစ်ခ်ရီမီဆင်းဟီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြလျက် ဆုမွန်ကောင်း ပို့သအပ်ပါသည်။

ထေရဝါဒဗုဒ္ဓဘာသာနှင့် တူညီသော ယဉ်ကျေးမှုစံနှုန်းများအပေါ် အခြေခံလျက်ရှိသည့် သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ကာလရှည်ကြာတည်ရှိနေသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် ရာစုနှစ်ပေါင်းများစွာတိုင်အောင် ဆက်လက်တိုးတက်ခိုင်မာလျက်ရှိပါသည်။ လာမည့်နှစ်များတွင်လည်း နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုခိုင်မြဲလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

မြန်မာပြည်သူများ ငြိမ်းချမ်းပျော်ရွှင်၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေးလ် မီရှူစတင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အမျိုးသားရုံးပိတ်ရက် အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ကိုယ်စား မိမိက ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံသည် ချစ်ကြည်ရင်းနှီးသော မိတ်ဖက်ဆက်ဆံရေးရှိပါသည်။ မိမိတို့ နှစ်နိုင်ငံအစိုးရ၏ တက်ကြွသောပူးတွဲ လုပ်ဆောင်ချက်သည် ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေမည့် နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာချမ်းသာပြီး လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် ခင်မင်ဖော်ရွေသော မြန်မာပြည်သူများ ပျော်ရွှင်၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်မဟာ ပဝရ ဓိပတိ ဟွန်မာနိုက်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအား ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား နှစ်ကာလကြာရှည်စွာ တည်ဆောက်ထားရှိခဲ့သည့် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးမှာ ပိုမိုခိုင်မြဲလာကြောင်း တွေ့မြင်ရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ မိမိတို့နှစ်နိုင်ငံအကြားရှိ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှာ ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့အတွက် နှစ်နိုင်ငံအကြားသာမက ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများအောက်မှ နှစ်နိုင်ငံအပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဖော်ဆောင်သွားနိုင်မည်ဟု မိမိယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် အဆွေတော် ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများ ဆက်လက်ရရှိပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရိုမန် ဂိုလော့ဗ်ချန်ကိုထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဘယ်လာရုစ်သမ္မတနိုင်ငံအစိုးရကိုယ်စား မိမိအနေဖြင့် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ဘယ်လာရုစ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အပြန်အလှန် နားလည်ယုံကြည်မှု၊ လက်ရှိကမ္ဘာနှင့် ဒေသတွင်းရေးရာများအပြင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ရွေးချယ်လှမ်းရာ၌ မိမိတို့၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု အခွင့်အရေးဖြင့် ဆောင်ရွက်မှုတို့အပေါ် တူညီသော အမြင်ရှိမှုတို့ကို အခြေခံ၍ ကောင်းမွန်သည့် ဆက်ဆံရေးကို တည်ဆောက်ထားပါသည်။

ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်သွားရန် ဆန္ဒရှိပြီး နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေမည့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တဖြည်းဖြည်း မြှင့်တင်သွားရန် ရည်ရွယ်ပါသည်။

စီးပွားရေးအရ ထိတွေ့ဆက်ဆံမှုများကို အရှိန်မြှင့်တင်ခြင်းနှင့် ပူးတွဲစီးပွားရေးစီမံချက်များကို အကောင်အထည်ဖော်ခြင်းက နှစ်နိုင်ငံ အောင်မြင်သော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်နှင့် ဘယ်လာရုစ်-မြန်မာ နှစ်နိုင်ငံပြည်သူများ၏သာယာဝပြောမှုတိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေမည်ဟု မိမိတို့အနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာစေရန်နှင့် နိုင်ငံ့တာဝန်များ ထမ်းဆောင်ရာတွင် အောင်မြင်မှုများ ရရှိပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာဒ်ဒီယဲ လာဘိုယီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခါသမယတွင် အယ်လ်ဂျီးရီးယားအစိုးရကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် အဆွေတော်၏ လုပ်ငန်းဆောင်တာများ ဖြစ်ထွန်းအောင်မြင်ရန် လှိုက်လှိုက်လှဲလှဲ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ယခုကဲ့သို့ ပျော်ရွှင်ဖွယ်အခါသမယတွင် အယ်လ်ဂျီးရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာစေရန်နှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များအပေါ် ဆွေးနွေးနိုင်ရန် နှစ်နိုင်ငံအကြား နိုင်ငံရေးရာ ဆွေးနွေးပွဲများ ထူထောင်ရန် မျှော်လင့်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၃**

ဝန်ကြီးဌာန အသီးသီးမှ ဝန်ထမ်းများ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးဖြင့် ချစ်ခင်ရင်းနှီးမှုရရှိစေရေးနှင့် ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာဖြင့် လုပ်ငန်းတာဝန်များကို ပိုမိုထမ်းရွက်နိုင်စေရေး ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများမှ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဘော်လီဘောဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ယှဉ်ပြိုင်ကစား**

ဦးစွာ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြိုင်ပွဲဝင် အားကစားသမားများ၏ စိတ်ဆန္ဒပြင်းပြမှု၊ ပရိသတ်များ၏ တစ်ခဲနက် အားပေးမှုများဖြင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပရိသတ်များ၏ တစ်ခဲနက် အားပေးမှုနှင့်အတူ ပြိုင်ပွဲဝင် အားကစားသမားများက မိမိတို့ဝန်ကြီးဌာနအတွက် အနိုင်ရယူလိုစိတ် ပြင်းထန်စွာဖြင့် အားကြိုးမာန်တက် ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးဇင်မင်းထက်၊ ဦးမျိုးလှိုင်နှင့် ဗိုလ်ချုပ်အောင်လင်းထွန်းတို့က အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် အကောင်းဆုံးစပေးဘောဆု၊ အကောင်းဆုံး ပင့်ထောင်ဆု၊ အကောင်းဆုံး ရိုက်ခုတ်ဆု၊ အကောင်းဆုံး ပိတ်ဆို့ဆု၊ အကောင်းဆုံး ခုခံဆယ်မဆု၊ အကောင်းဆုံးအမျိုးသမီး ဘော်လီဘောအားကစားသမားဆု ရရှိကြသူများကို လည်းကောင်း၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် အကောင်းဆုံးစပေးဘောဆု၊ အကောင်းဆုံး ပင့်ထောင်ဆု၊ အကောင်းဆုံး ရိုက်ခုတ်ဆု၊ အကောင်းဆုံး ပိတ်ဆို့ဆု၊ အကောင်းဆုံး ခုခံဆယ်မဆုနှင့် အကောင်းဆုံးအမျိုးသား ဘော်လီဘော အားကစားသမားဆုရရှိကြသူများကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမျိုးသမီးဘော်လီဘော ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းတို့ကို ငွေသား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းနှင့် အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းတို့ကို တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် ခွန်စံလွင်တို့က အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့်အတူ တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့်အတူ တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲတွင် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အသင်းငါးသင်း၊ အသက် ၂၅ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲတွင် ၁၅ သင်း၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ၁၆သင်း၊ အမျိုးသမီးဘော်လီဘော ပြိုင်ပွဲတွင် ခြောက်သင်း၊ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ၂၅ သင်း၊ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ၁၈ သင်း၊ ထုပ်ဆီးတိုးပြိုင်ပွဲတွင် ၂၃ သင်း၊ အမျိုးသား လွန်ဆွဲပြိုင်ပွဲတွင် ၂၄ သင်းနှင့် အမျိုးသမီးလွန်ဆွဲပြိုင်ပွဲတွင် ၁၉ သင်း ဝင်ရောက်ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**သာစည် ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အခြေခံပညာအလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီခွဲက မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို စတင်ရာ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းများ၊ အမှတ်(၂)ရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) မီးရထားနှင့်ကွမ်းခြံရိုးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တို့မှ ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့က လွတ်လပ်အောင်ပန်းတို့ဆင်မြန်း၊ လွတ်လပ်ရေးအမွေ ထိန်းသိမ်းစို့လေ၊ လွတ်လပ်ရေးအောင်ပွဲနေ့ ခေါင်းစဉ်သုံးမျိုးတို့ကို ယှဉ်ပြိုင်ရမည့် အမှတ်စဉ်နှင့် ခေါင်းစဉ်တို့ကို မဲနှိုက်ကြပြီး ကျရာခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးလှထွန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်မှကျင်းပပြုလုပ်မည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသော



အသိပညာပေး နံရံကပ်စာစောင်များနှင့် ဓာတ်ပုံများ၊ သုတရသစာအုပ်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၂၄
၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိက၊ ပြည်တွင်း၊ ပြည်ပသာသနာပြုပုဂ္ဂိုလ်များနှင့် ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

**အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသူရိယ၊ ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တဓမ္မပါလ၊ ဓမ္မမဥ္ဇူသိမ်ကျောင်း၊ အောင်မြေသာယာတိုက်၊ အမှတ်(၃)ရပ်ကွက်၊ ရေစကြိုမြို့၊ မကွေးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တအာစိဏ္ဏ၊ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာကျောင်းတိုက်၊ ကျောက်ဖျာဒိုးကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တသုဇနပီယ၊ မိတ္ထီလာကျောင်း၊ မဟာဓမ္မိကာရာမတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တသုမန၊ ဗုဒ္ဓသာသနသိပ္ပံကျောင်းနှင့် စိန်မမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အောက်ကျင်းရပ်၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၆။ ဘဒ္ဒန္တနန္ဒသိရီ၊ နန္ဒာရာမစာသင်တိုက်၊ မကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၇။ ဘဒ္ဒန္တဝါသဝ၊ ဩဝါဒကျောင်း၊ မဟာစည်သာသနာ့ရိပ်သာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသောပါက၊ ခေမာရာမစာသင်တိုက်၊ အမှတ်(၉)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်
၂။ ဘဒ္ဒန္တဇောတိက၊ ရတနာခုဝံကျောင်းတိုက်၊ ဝါးချက်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဝိဇ္ဇောဒယ၊ မဟာဇောတိကာရာမကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တစန္ဒောဘာသ၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်
၅။ ဘဒ္ဒန္တတေဇဝန္တ၊ သမားတော်ကျောင်းတိုက်၊ အမှတ်(၄)ရပ်ကွက်၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တစိန္တိတာဘိဝံသ၊ ရွှေကျင်တောင်စာသင်တိုက်၊ ဘူတာတောင်ရပ်ကွက်၊ ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တတေဇောသာရ၊ ရွှေဆံတော်မရမ်းကျောင်းတိုက်၊ အမှတ်(၁၃)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တသုစိတ္တ၊ ကန်တော်မင်းစာသင်တိုက်၊ မောင်းတိုင်(၁)ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဣဒ္ဓိကာဘိဝံသ၊ မှန်ကင်းပဇ္ဇောတာရုံကျောင်းတိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တအာဝုဓ၊ မဟာသုန္ဒရာရာမစာသင်တိုက်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဒေါက်တာဘဒ္ဒန္တခေမာလင်္ကာရ၊ အရှင်ဥတ္တမသာရစာသင်တိုက်၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တအာစိဏ္ဏ၊ အောင်မေ်စံစာသင်တိုက်၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တမာနိတာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တဉာဏောဘာသာလင်္ကာရ၊ ဘုရားသုံးဆူစာသင်တိုက်၊ နန္ဒင်းကုန်းရပ်ကွက်၊ သဃင်္န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တဝိရောစန၊ မဟာသုခါရာမစာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ အမှတ်(၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဇိနောရသာလင်္ကာရ၊ ပန်အုပ်စာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၁၈။ ဘဒ္ဒန္တသုဇာတ၊ အောင်မြေဘုံသာစာသင်တိုက်၊ အမှတ်(၈)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၁၉။ ဒေါက်တာဘဒ္ဒန္တနန္ဒသိရီ၊ "ဓမ္မဓရ" မြန်မာသာသနာပြုကျောင်းတိုက်၊ ပါရီမြို့၊ ပြင်သစ်နိုင်ငံ
၂၀။ Ven. Prof. Attangane Ratanapala Maha Thero, Samadhi Buddhist Center, Thambuttegama-50240၊ သီရိလင်္ကာနိုင်ငံ
၂၁။ Most Ven. Dr. Pannila Ananda Nayaka Thero, Historic Attanagalla Royal Temple, Attanagalla၊ သီရိလင်္ကာနိုင်ငံ

**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသီလာနန္ဒ၊ ဓမ္မရက္ခိတဝန်းသိုစာသင်တိုက်၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တဇဋိလ၊ ပထမဂန္ဓာရုံကျောင်း၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တကေသဝ၊ မဟာလယ်တီကျောင်းတိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဓမ္မဝံသ၊ အောင်မင်္ဂလာစာသင်တိုက်၊ အင်းလေးမြိုင်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဥတ္တမသာရ၊ ဗောဓိပက္ခိယဓမ္မရိပ်သာကျောင်းတိုက်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်
၆။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ မြို့မစာသင်တိုက်၊ ညောင်ဝိုင်းတောင်ပိုင်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဣသရိယာဘိဝံသ၊ စမ်းကြီးတောရစာသင်တိုက်၊ (၅/၁၅)ရပ်ကွက်၊ ဥသျှောမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တတေဇဝန္တ၊ ဓမ္မိကစာသင်တိုက်၊ မြို့မရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တပုညာနန္ဒ၊ ပုညကာရီဆုတောင်းပြည့်စာသင်တိုက်၊ မြို့သစ်(ဂ)ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တဩဘာသ၊ မဟာသုဒဿနာရာမကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တပညာလောက၊ ကိုးသောင်းသာသနာ့မင်္ဂလာစာသင်တိုက်၊ ကိုးသောင်းရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တပဏ္ဍိတ၊ လက်ပံပင်စာသင်တိုက်၊ ပေါင်းနားရပ်ကွက်၊ စလင်းမြို့၊ မကွေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တဝိမလ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တဥက္ကဋ္ဌ၊ သီရိဂုဏ်ရည်ကျောင်း၊ ညောင်ကန်တိုက်၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တဝရသုခ၊ ခေမာသီဝံစာသင်တိုက်၊ စံပြ/တမ္ပဝတီရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တကုန္ဒာလောကာလင်္ကာရ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဝိရောစန၊ ချမ်းမြေ့သာယာကျောင်းတိုက်၊ ကံကြီး/မကျီးရပ်ကွက်၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တအဘိဇာတ၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တဉာဏုတ္တရ၊ မဟာဂန္ဓာရုံစာသင်တိုက်၊ မြင်သာ(၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တခေမာစိဏ္ဏ၊ အောင်မင်္ဂလာစာသင်တိုက်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တသုမန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဒေါက်တာဘဒ္ဒန္တပါရမီ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တဝဏ္ဏိတ၊ ဇောတိကာရုံကျောင်း၊ ပကာ+မန်ကောင်းမူးကျေးရွာ၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ်
၂၄။ ဒေါက်တာဘဒ္ဒန္တကုန္ဒသာဘ၊ ကြာနီကန်ကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ မြန်အောင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တနန္ဒိယ၊ မင်္ဂလာအောင်မြေစာသင်တိုက်၊ အမှတ်(၇)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီးများ**

၂၆။ ဒေါ်ဂုဏဝတီ၊ ဇေယျသိင်္ဃီသီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂၇။ ဒေါ်ဓမ္မေသီ၊ ဒေသဝတီသီလရှင်စာသင်တိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တပညာသာမိ၊ ရန်အောင်မြင်တိုက်သစ်ကျောင်းတိုက်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တပညာနန္ဒ၊ မြသုခ(၂၇၅)တပ်ဦးကျောင်း၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်
၃။ ဘဒ္ဒန္တတိသာသန၊ နဂါးပတ်တောင်ကျောင်းတိုက်၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တတေဇာနန္ဒ၊ ရတနာ့ဗိမာန်ထူပါရုံရွှေကျောင်းတိုက်၊ မင်းလမ်းရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တပညာပါလ၊ ဓမ္မပါရဂူပါဠိတက္ကသိုလ်တိုက်၊ ဆူးလေကုန်းရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တပညာဝံသ၊ သာသနာရောင်ခြည်ကျောင်းတိုက်၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တပဏ္ဍိတ၊ ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကညွံ့ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တကိတ္တိသာရ၊ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်
၉။ ဘဒ္ဒန္တသုန္ဒရ၊ သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၊ ဈေး(၂)ရပ်ကွက်၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တဝဏ္ဏိတာလင်္ကာရ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တကေသရိန္ဒ၊ နဂါးရုံဇီးတောစာသင်တိုက်၊ အမှတ်(၆)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တကေလာသ၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တလောကဉာဏ၊ ဓမ္မိကတောရစာသင်တိုက်၊ ရွာတော်ကျေးရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တဓမ္မိက၊ မဟာဝိသုတာရာမစာသင်တိုက်၊ ဆိုကုန်းကျေးရွာ၊ ဆင်ဖြူကျွန်းမြို့၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တစိန္တိတ၊ မလွန်စာကြောစာသင်တိုက်၊ မလွန်ကျေးရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တကုန္ဒက၊ ဓမ္မာစရိယကျောင်း၊ မင်္ဂလာဘုံကျော်တိုက်၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဃောသိတ၊ ရတနာမာရ်အောင်စာသင်တိုက်၊ (၁၃)ညံကွဲရပ်ကွက်၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တတေဇဝန္တ၊ မိုးကုတ်ကျောင်း၊ မင်္ဂလာတိုက်၊ အိုးတော်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တဉာဏိသရ၊ မင်းကုန်းမဟာစာသင်တိုက်၊ ကံဦးရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တဝိလာသ၊ ဥယျာဉ်ပါဠိတက္ကသိုလ်စာသင်တိုက်၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တအာလောကာစာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တစန္ဒိမာ၊ ရတနာမြိုင်ကျောင်းသစ်စာသင်တိုက်၊ ပလိပ်ကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တဩဘာသ၊ ဓမ္မဒီပကျောင်း၊ တန်ဆောင်းကြီးကျောင်းတိုက်၊ အမှတ်(၁၂)ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တနာယကဓဇ၊ မြို့လယ်ကျောင်းတိုက်၊ ကျောင်းပိုင်းရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်
၂၅။ ဘဒ္ဒန္တနန္ဒမေဓာ၊ မဟာအောင်မြေရွှေဘုံစာသင်တိုက်၊ အောက်ကျင်းရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်
၂၆။ ဘဒ္ဒန္တပညောဘာသ၊ ကျောက်တစ်လုံး မဟာဗောဓိတပ်ဦးကျောင်းစာသင်တိုက်၊ ဂုံးချိန်ကျေးရွာ၊ ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ်
၂၇။ ဘဒ္ဒန္တကေသရ၊ ပရိယတ္တိဓမ္မိကာရုံကျောင်းတိုက်၊ ပြည်တော်သာရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်
၂၈။ ဘဒ္ဒန္တဉာဏ၊ မဏိရတနာစာသင်တိုက်၊ ရွာကြီးတောင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၂၉။ ဘဒ္ဒန္တဝါယမိန္ဒ၊ ရတနာသိဒ္ဓိစာသင်တိုက်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၀။ ဘဒ္ဒန္တဝိသာရဒ၊ ကျောက်ကုန်းကျောင်းကြီးစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၁။ ဘဒ္ဒန္တဂန္ဓသာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၁၁ သို့ ❍

○ စာမျက်နှာ ၁၀ မှ

၃၂။ ဒေါက်တာဘဒ္ဒန္တကောဝိဒ၊ မဇ္ဈိမဂုဏ်ရည်မဟာစည်တောရရိပ်သာ၊ ရဲမွန်တပ်မြို့၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၃။ ဒေါက်တာဘဒ္ဒန္တကုဏ္ဍလင်္ကာရ၊ ဇေယျသုခစာသင်တိုက်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၄။ ဒေါက်တာဘဒ္ဒန္တဝရဉာဏ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၅။ ဒေါက်တာဘဒ္ဒန္တကုန္ဒက၊ ရတနာဒီပံစာသင်တိုက်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၆။ ဘဒ္ဒန္တကုဏ္ဍလ၊ ဝိဇာတဗိမာန်မိုးကုတ်ရိပ်သာစာသင်တိုက်၊ အတွင်းပဒံရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၇။ ဒေါက်တာဘဒ္ဒန္တသောဘဏ၊ စိန်ရတနာစာသင်တိုက်၊ အမှတ်(၂) ဝိုင်း (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၈။ ဘဒ္ဒန္တသြဘာသာဘိဝံသ၊ ဥက္ကလာသီရိသိမ်ကျောင်းစာသင်တိုက်၊ ဃ/တိုးချဲ့ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၉။ ဒေါက်တာဘဒ္ဒန္တကောဏ္ဍည၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၀။ ဘဒ္ဒန္တရေဝတ၊ သာသနာ့ပျိုးခင်းစာသင်တိုက်၊ ဉာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၁။ ဘဒ္ဒန္တနန္ဒသိရီ၊ ပြာသာဒ်စာသင်တိုက်၊ ဆေးစက်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၂။ ဘဒ္ဒန္တပညာသာမိ၊ ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၃။ ဒေါက်တာဘဒ္ဒန္တဝိမလ၊ အရှင်ဥတ္တမသာရစာသင်တိုက်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၄။ ဘဒ္ဒန္တဥက္ကဋ္ဌာဘိဝံသ၊ သာသနဝိပုလရွှေဂူစာသင်တိုက်၊ နန္ဒဝံရပ်ကွက်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်
၄၅။ ဘဒ္ဒန္တအဿယုဇ၊ လှည်းရိုးစာသင်တိုက်၊ လှည်းရိုးရပ်ကွက်၊ အောင်ပန်းမြို့၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်
၄၆။ ဘဒ္ဒန္တသုန္ဒရ၊ ရတနာစက္ကရံသီစာသင်တိုက်၊ စက်ဆန်းကျေးရွာ၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၄၇။ ဘဒ္ဒန္တကောမလသာရာဘိဝံသ၊ ဓမ္မဝိနယပထမပြန်တိုက်သစ်ကျောင်းစာသင်တိုက်၊ အမှတ်(၉)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၄၈။ ဘဒ္ဒန္တဉာဏသီဟ၊ ပြည်လုံးပေါ်ဘုရားကြီးကျောင်း စာသင်တိုက်၊ အောင်ဆန်းရပ်ကွက်၊ ကျုံပျော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၄၉။ ဘဒ္ဒန္တဝိဇယ၊ ရွှေမစိုးရိမ်ကျောင်းတိုက်၊ အမှတ်(၁၃)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၅၀။ ဘဒ္ဒန္တခန္တီဝါဒ၊ ပြည်တော်အေးပြာသာဒ်ကျောင်းတိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီးများ**

၅၁။ ဒေါ်စန္ဒကလျာ၊ သမိဒ္ဓေါဒယသီလရှင်စာသင်တိုက်၊ အောင်ချမ်းသာကြီးချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅၂။ ဒေါ်ယုသိင်္ဂီ၊ သစ်ဆိမ့်ချောင်သီလရှင်စာသင်တိုက်၊ ဝါးချက်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၅၃။ ဒေါ်ဓမ္မသိင်္ဂီ၊ ကျီးသဲလေးထပ်ဗိုလ်ရုံသီလရှင်စာသင်တိုက်၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး
၅၄။ ဒေါ်ကလျာသိင်္ဂီ၊ လိပ်ပြာကန်သီလရှင်စာသင်တိုက်၊ လိပ်ပြာကန်ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၅၅။ ဒေါ်ဝဏ္ဏသိရီ၊ ခေမာသီရိပရဟိတသီလရှင် စာသင်တိုက်၊ ညောင်ပင်သာကျေးရွာ၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅၆။ ဒေါ်အဂ္ဂဉာဏီ၊ သမိဒ္ဓေါဒယသုခကာမီ(ရေနံ့ချောင်း)သီလရှင်စာသင်တိုက်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၇။ ဒေါက်တာဒေါ်ပညာသိရီ၊ ဓမ္မေသကစာသင်တိုက်၊ အမှတ်(၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တနန္ဒသာရ၊ ခေမာသီဝံစာသင်တိုက်၊ ခေမာသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တသုမန၊ မစိုးရိမ်တိုက်သစ်စာသင်တိုက်၊ နမ့်ကွတ်ရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်
၃။ ဘဒ္ဒန္တပါလဟံသာဓ၊ မဟာဝိဟာရစာသင်တိုက်၊ ကော့ဘိန်းကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်
၄။ ဘဒ္ဒန္တဥတ္တရ၊ အုတ်ကန်တောရစာသင်တိုက်၊ ချမ်းမြဝတီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဒေဝါနန္ဒ၊ မဟာဓမ္မာရုံကျောင်းတိုက်၊ မြို့သစ်ရပ်ကွက်၊ ချောင်းဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တရေဝတ၊ မဟာစန္ဒိမာရာမကျောင်းတိုက်၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တသြဘာသဓ၊ ရွှေဟင်္သာတိုက်သစ်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တနန္ဒက၊ မြို့မရွှေဂူကျောင်းတိုက်၊ ချမ်းမြသာစည်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဉာဏိန္ဒ၊ တောကျောင်းစာသင်တိုက်၊ အလယ်ကျွန်းရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တဉာဏိဿရ၊ မဟာဝိဇိတာရုံစာသင်တိုက်၊ အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
၁၁။ ဘဒ္ဒန္တဇဝန၊ အောင်စည်သာစာသင်တိုက်၊ အောင်စည်သာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၁၂။ ဘဒ္ဒန္တဝရသာမိ၊ ရာဇဓာနီသာမဏေကျော်စာသင်တိုက်၊ ဇလောင်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
၁၃။ ဘဒ္ဒန္တကုန္ဒာစက္က၊ ရွှေအင်းရိပ်သာစာသင်တိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်
၁၄။ ဘဒ္ဒန္တရေဝတ၊ လောကုတ္တရာစကားစာသင်တိုက်၊ အမှတ်(၂၀)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တသုမန၊ အောင်တော်မူစာသင်တိုက်၊ မြို့မ(၂)ရပ်ကွက်၊ ပြွန်တန်ဆာမြို့၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တဉာဏိဿရ၊ ရွှေဂူစာသင်တိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဝိလာသဇောတိ၊ ကျိုက်ထိုဇောတိကာရုံစာသင်တိုက်၊ ကွက်သစ်ရပ်ကွက်၊ သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တဝါသဝ၊ ကျိုက်ဇမျှားကျောင်းတိုက်၊ ဘုရားကလေးစံပြကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တသြဘာသ၊ ပစ္ဆိမာရုံစာသင်တိုက်၊ ညောင်ခြေထောက်ကျေးရွာ၊ အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တရာဇဓမ္မ၊ ဗောဓိရိပ်သာကျောင်းတိုက်၊ ရွာမမြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တပညာသိရီ၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တဥက္ကံသ၊ မဟာဝိသုတာရာမသာသနာ့ဗိမာန် ကျောင်းတိုက်၊ အောင်ဇေယျာရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တဇဝန၊ ယွန်းကျောင်းစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ကံမမြို့၊ မကွေးတိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တကောဝိဒ၊ လက်ပံပင်စာသင်တိုက်၊ ပေါင်းနားရပ်ကွက်၊ စလင်းမြို့၊ မကွေးတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တဝေပုလ္လ၊ နဝရတ်စာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး
၂၆။ ဘဒ္ဒန္တကဝိန္ဒ၊ ရတနာမာရ်အောင်ကျောင်းတိုက်၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး
၂၇။ ဘဒ္ဒန္တသုဝဏ္ဏ၊ ဆင်များရှင်စာသင်တိုက်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၈။ ဘဒ္ဒန္တကောဝိဒ၊ ရတနာဓမ္မရက္ခိတကျောင်း၊ မဟာသုတသောမရွှေဘုံသာစာသင်တိုက်၊ ပြည်ကြီး ပျော်ဘွယ်အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၉။ ဒေါက်တာဘဒ္ဒန္တဓမ္မိက၊ ဝမ်းတော်ပြည့်ကျောင်းတိုက်၊ ကျီတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး
၃၀။ ဘဒ္ဒန္တဝိလာသ၊ ပဌမကျော်ဓမ္မာစရိယတိုက်သစ်၊ ဝန်ဇင်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး
၃၁။ ဘဒ္ဒန္တအာစိဏ္ဏ၊ ဓမ္မအောင်လံစာသင်တိုက်၊ ဥသျှစ်ကုန်းကျေးရွာ၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၂။ ဘဒ္ဒန္တနန္ဒဝံသ၊ ပုပ္ပါးကျောင်း၊ မြင်းဝန်မင်းကြီးတိုက်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၃။ ဘဒ္ဒန္တသူရိန္ဒ၊ ရာမညနိကာယစာသင်တိုက်၊ မြို့မ(၂)ရပ်ကွက်၊ လမိုင်းမြို့၊ ရေးမြို့နယ်၊ မွန်ပြည်နယ်
၃၄။ ဘဒ္ဒန္တကစ္စာယနသာရ၊ မြစေတီစာသင်တိုက်၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၃၅။ ဒေါက်တာဘဒ္ဒန္တနန္ဒာလင်္ကာရ၊ ရွှေမဏ္ဍိုင်ကျောင်းတိုက်၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်
၃၆။ ဘဒ္ဒန္တသီလာစာရ၊ မဟာဗောဓိစာသင်တိုက်၊ အမှတ်(၆)ရပ်ကွက်၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်
၃၇။ ဘဒ္ဒန္တဝါသေဋ္ဌ၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၈။ ဘဒ္ဒန္တပညာသိဒ္ဓိ၊ ကျောက်ကုန်းတောရမေဒိနီကျောင်းတိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၉။ ဘဒ္ဒန္တပါမောက္ခ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၀။ ဘဒ္ဒန္တပညိန္ဒ၊ တြိရတနစာသင်တိုက်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၁။ ဘဒ္ဒန္တဇနက၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၂။ ဘဒ္ဒန္တဥတ္တမသာရ၊ ခေမာသီဝံစာသင်တိုက်၊ ကူးတို့ဆိပ်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၃။ ဒေါက်တာဘဒ္ဒန္တဝိသုဒ္ဓ၊ ငွေတောင်ရတနာစာသင်တိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၄။ ဘဒ္ဒန္တပညာဇောတ၊ ကျောက်ပန်းတောင်းကျောင်းစာသင်တိုက်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၅။ ဘဒ္ဒန္တဝိမလ၊ မန်ဆူဘုရားကြီးစာသင်တိုက်၊ အမှတ်(၈)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၄၆။ ဘဒ္ဒန္တကဝိန္ဒ၊ အနောက်ကျောင်းစာသင်တိုက်၊ ဝမ်ဟွေရပ်ကွက်၊ မိုင်းပွန်မြို့၊ လွိုင်လင်မြို့နယ်၊ ရှမ်းပြည်နယ်
၄၇။ ဘဒ္ဒန္တပညာစက္က၊ ခါးရိုးစာသင်တိုက်၊ အမှတ်(၉)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၄၈။ ဘဒ္ဒန္တပညာဒီပ၊ ဒက္ခိဏာရုံကျောင်းတိုက်၊ အောင်ချမ်းသာရပ်ကွက်၊ နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်
၄၉။ ဘဒ္ဒန္တရေဝတ၊ ဓာတ်စွမ်းဟုန်စာသင်တိုက်၊ ဝိန်းဝိုင်ရပ်ကွက်၊ မိုင်းဆတ်မြို့၊ ရှမ်းပြည်နယ်
၅၀။ ဘဒ္ဒန္တသီလာစာရ၊ မင်းကျောင်းစာသင်တိုက်၊ စာရေးကုန်းရပ်ကွက်၊ ဝါးခယ်မမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၅၁။ ဘဒ္ဒန္တပညာစက္က၊ နိဂြောဓာရုံညောင်ပင်သာစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၅၂။ ဘဒ္ဒန္တသုန္ဒရ၊ ပါဠိတက္ကသိုလ်ဆပွန်းကုန်းကျောင်းတိုက်၊ ရွှေဂူရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၅၃။ ဘဒ္ဒန္တဉာဏမဉ္ဇူ၊ မင်္ဂလာမဉ္ဇူစာသင်တိုက်၊ ပိုက်သောင်ကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီးများ**

၅၄။ ဒေါ်ဆေကဝတီ၊ သိမ်မဟာသီလရှင်စာသင်တိုက်၊ မင်းကုန်းရပ်ကွက်၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်
၅၅။ ဒေါ်သြဘာသီ၊ ပုညာရာမသီလရှင်စာသင်တိုက်၊ အမှတ်(၄) ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်
၅၆။ ဒေါ်ဓမ္မနန္ဒီ၊ သာသနပါလသီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅၇။ ဒေါ်ရုစိမာ၊ သာသနာ့ဗိမာန်စာသင်တိုက်၊ ဝါးချက်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၅၈။ ဒေါ်ဥတ္တမစာရီ၊ မြေသော်တာသီလရှင်စာသင်တိုက်၊ ရွှေမင်းဝံရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅၉။ ဒေါ်ယုသိင်္ဂီ၊ ဂုနီချောင်သီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၆၀။ ဒေါ်ဥမ္မာသိင်္ဂီ၊ သာသနမဉ္ဇူယင်းမာမြိုင်သီလရှင်စာသင်တိုက်၊ ချမ်းမြသာစည်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၆၁။ ဒေါ်ထေရဉာဏီ၊ မိဘဂုဏ်ရည်သီလရှင်စာသင်တိုက်၊ တောရကျောင်းရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၆၂။ ဒေါ်ယုဇနသိင်္ဂီ၊ သာသနာ့ဂုဏ်ရည်သီလရှင်စာသင်တိုက်၊ အောင်ဇေယျရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်
၆၃။ ဒေါ်သီလစာရီ၊ သီလာရာမစာသင်တိုက်၊ မြောက်လွတ်ကုန်းကျေးရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၆၄။ ဒေါ်ဓမ္မနန္ဒီ၊ မင်္ဂလာရန်အောင်သီလရှင်စာသင်တိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၆၅။ ဒေါ်သီရိစန္ဒာ၊ ဂူကြီးခေမာသီရိသီလရှင်စာသင်တိုက်၊ အမှတ်(၈) ရပ်ကွက်၊ ရေစကြိုမြို့၊ မကွေးတိုင်းဒေသကြီး
၆၆။ ဒေါ်ဇဝနဉာဏီ၊ ဗောဓိမဏ္ဍိုင်သီလရှင်စာသင်တိုက်၊ မဟာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆၇။ ဒေါ်ကေသာဝတီ၊ စတုဘုမ္မိကကျွန်းကျောင်းကျောင်းတိုက်၊ ဈေးချိုရပ်ကွက်၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး
၆၈။ ဒေါ်ပညာဒေဝီ၊ မြသီတာသီလရှင်စာသင်တိုက်၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၆၉။ ဒေါ်ဓမ္မနန္ဒီ၊ သက္ကနိမ္မိတာရုံသီလရှင်စာသင်တိုက်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇၀။ ဒေါ်မေဓာဉာဏီ၊ ဓမ္မပါလမေဒနီသီလရှင်စာသင်တိုက်၊ ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၁၂ သို့ ○

○ စာမျက်နှာ ၁၁ မှ

၇၁။ ဒေါ်ကေစာညာဏီ၊ ရတနာဂုဏ်ဝေသီလရှင်စာသင်တိုက်၊ အမှတ်(၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇၂။ ဒေါ်ဘဒ္ဒဝတီ၊ ရွှေမောင်းသာသနဝေပုလ္လသီလရှင်စာသင်တိုက်၊ စံဖိတ်ကျေးရွာ၊ သီပေါမြို့နယ်၊ ရှမ်းပြည်နယ်

၇၃။ ဒေါ်တေဇနိယညာဏီ၊ သမိဒ္ဓေါဒယသုခိတာရာမဘာဝနာတိုက်သစ်၊ အမှတ်(၄)ရပ်ကွက်၊ မြန်အောင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်**

၁။ ဒေါက်တာဘဒ္ဒန္တတေဇောသာရ၊ ဇေတဝန်တောရစာသင်တိုက်နှင့်တရားဓမ္မရိပ်သာ၊ ဈေးဟောင်းရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်

၂။ ဘဒ္ဒန္တစန္ဒသိရီ၊ ဓမ္မဒီပကျောင်းတိုက်၊ ရပ်ကွက်ကြီး(၇)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

**ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တရေဝတ၊ မိုဃ်းကျသဒ္ဓမ္မအလင်္ကာကျောင်းတိုက်၊ အမှတ်(၄)ရပ်ကွက်၊ မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး

၂။ ဒေါက်တာဘဒ္ဒန္တဥက္ကဋ္ဌ၊ မဟာသိမ်တော်ကြီးစာသင်တိုက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဝိစိတ္တ၊ မနာပဒါယီပညာရေးစင်တာ၊ အိမ်တော်ရာတိုက်၊ ပြည်လမ်းအရှေ့ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဒေါက်တာဘဒ္ဒန္တဝိစိတ္တသာရ၊ ကြာကန်ကျောင်းတိုက်၊ အမှတ် (၆၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသီရိန္ဒာစာရ၊ ငွေတောင်ပြည်ပရိယတ္တိစာသင်တိုက်၊ ငွေတောင်စံပြကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၂။ ဘဒ္ဒန္တသိရိန္ဒ၊ ဇေယျာသီရိအသောကဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ဗိုလ်ကုန်း (၁၈)ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၃။ ဒေါက်တာဘဒ္ဒန္တဥတ္တရ၊ မဟာဝိဟာရပရိယတ္တိစာသင်တိုက်၊ တရနာစံပြကျေးရွာ၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်

၄။ ဘဒ္ဒန္တဇနက၊ နေနတ်သားစာသင်တိုက်၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဒေါက်တာဘဒ္ဒန္တအရိယဝံသ၊ အောင်မြေဗောဓိဓမ္မရိပ်သာအလိုတော်ပြည့်ကျောင်းတိုက်၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဘဒ္ဒန္တမဥ္ဇူသာရ၊ ရတနာမဥ္ဇူဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း၊ ရပ်ဆိုင်ကျေးရွာ၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဝိသုတ၊ နိဂြောဓာရုံညောင်ပင်သာပရိယတ္တိစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကောသဝ၊ သီရိမင်္ဂလာကန်ဦး ပရိယတ္တိစာသင်တိုက်၊ မင်းကုန်းရပ်ကွက်၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တခေမာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တရုံကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်

၃။ ဘဒ္ဒန္တဝိစာရညာဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မြို့မရပ်ကွက်၊ ပူတာအိုမြို့၊ ကချင်ပြည်နယ်

၄။ ဘဒ္ဒန္တရေဝတာဘိဝံသ၊ သဒ္ဓမ္မဝါစီမင်းကျောင်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီးမြို့၊ ကရင်ပြည်နယ်

၅။ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ နောင်လုံ့ဌာန်ပတိုင်ကျောင်းတိုက်၊ အိန္ဒဲကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်

၆။ ဘဒ္ဒန္တသုဒဿန၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စိမ်းစင်းကျေးရွာ၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်

၇။ ဘဒ္ဒန္တစိန္တိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ သာယာကုန်းကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဝိစက္ခဏ၊ အောင်စည်သာပရိယတ္တိစာသင်တိုက်၊ အောင်စည်သာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၉။ ဘဒ္ဒန္တဉာဏိဿရိယ၊ ရွှေမြို့ကြီးဂိုဏ်းထောက်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ရွှေမြို့ကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၀။ ဘဒ္ဒန္တထေရိန္ဒ၊ ကျောက်စရစ်ကုန်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ သီရိရတနာကျောင်းတိုက်၊ ကျောက်စရစ်ကုန်းကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၁။ ဘဒ္ဒန္တဝရသာမိ၊ ဘုရားငါးဆူပရိယတ္တိစာသင်တိုက်၊ မအူကုန်ရပ်ကွက်၊ လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တဝိဇ္ဇောဘာသ၊ ရတနာစံမဟာစည်သာသနာ့ရိပ်သာကျောင်း၊ မြို့သစ်ကျောင်းတိုက်၊ မြို့သစ်(ခ)ရပ်ကွက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တဉာဏိဿရ၊ ရွှေဘုန်းပွင့်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ အမှတ်(၁) ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တဝိလာသ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ရွှေတောင်ပရိယတ္တိစာသင်တိုက်၊ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ မဟာဂန္ဓဝင်ကျောင်းတိုက်၊ အုန်းတောရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တမာနိတ၊ ၄က်ပစ်တောင်မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ မောင်းတိုင်(၂) ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တက္ကန္ဒောဘာသာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တတိက္ခိန္ဒြိယ၊ ရေလည်ပရဟိတဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၊ ဒူလဗိုလ်ကျေးရွာ၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တသြသဓ၊ မဏိသိပ္ပံကျောင်း၊ မဏိဇောတိကာရာမပတ္တမြားကျောင်းတိုက်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တဝိသေသ၊ ဇေယျာသီရိဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ဇေယျာသီရိရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၂၁။ ဘဒ္ဒန္တဝိသဒညာဏ၊ အေးကမ္ဘာရိပ်သာကရင်စုကျောင်းတိုက်၊ မိုးနိုင်းရပ်ကွက်၊ ပေါင်မြို့၊ မွန်ပြည်နယ်

၂၂။ ဒေါက်တာဘဒ္ဒန္တသီလဝန္တ၊ အောင်တော်မူကျောင်းတိုက်၊ ရှမ်းစုရပ်၊ ကမာဝက်မြို့၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

၂၃။ ဒေါက်တာဘဒ္ဒန္တဝိစိတ္တသာရ၊ စမ္ပာနဂိုရ်ခတ်တော်နန်းဦးကျောင်းတိုက်၊ ခတ်တော်ကျေးရွာ၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်

၂၄။ ဘဒ္ဒန္တက္ကန္ဒာစာရ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ပုလဲရတနာပရိယတ္တိစာသင်တိုက်၊ ဂျိတ္တောရပ်ကွက်၊ ငပလီမြို့၊ သံတွဲမြို့နယ်၊ ရခိုင်ပြည်နယ်

**Mother Development Co., Ltd** မှ ဆောက်လုပ်ပြီးဖြစ်သော ရန်ကုန်တိုင်း ဒေသကြီး၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ စောရန်ပိုင်(အရှေ့) ရပ်ကွက်၊ ဒုတိယသီရိရိပ်သာ၊ အမှတ် (၁၅၂)၊ Thiri Yeik Thar Residence မှ အခန်းအမှတ်- 105 ဟုခေါ်တွင်သော တိုက်ခန်းနှင့် ကားပါကင် (၁)စီးနေရာ၊ တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုရောင်းချသူ [Mother Development Co., Ltd ကိုယ်စား ဒေါ်ကြည်မြင့်သွင် ၁၂/ဗဟန(နိုင်)၀၇၂၄၄၈မှ လက်မှတ် ရေးထိုးလျက်]မှ ၎င်းသာပိုင်ဆိုင်ကြောင်း မြွက်ဟဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးထွန်းထွန်းဦး [၁၂/ပဘတ(နိုင်) ၀၂၈၇၇၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက် မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ် စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါကြောင်း သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းပပအောင် LL.B, LL.M, D.B.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၆၇)**
**အမှတ် (၉၇၇)၊ အင်း၀(၈)လမ်း၊ (၆) ရပ်ကွက် ၊တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-880888317, 09-692214348**

## "ဦးအောင်ဖြိုးသက် (ဘ) ဦးခင်မောင်သန်း [၅/ပလန(နိုင်)၀၈၆၀၅၉] နှင့် အများသိစေရန်ကြေညာခြင်း"

လူကြီးမင်း ဦးအောင်ဖြိုးသက်နှင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းနှင်းကလျာ [၇/ဖမန(နိုင်)၁၅၆၅၂၂] တို့သည် ကျောက်တံတားမြို့နယ် တရားရုံးတွင် ၂၀၁၅ ခုနှစ်က လက်ထပ်ခဲ့ပြီး ကျွန်ုပ်မိတ်ဆွေ မိခင်ပိုင်နေအိမ်တိုက်ခန်းတွင် နေထိုင်ပေါင်းသင်းခဲ့ပြီး သမီးတစ်ဦးထွန်းကားခဲ့ကြကြောင်းနှင့် လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေ လုပ်ကိုင်သော Online Shopလုပ်ငန်းမှ ရရှိသောဝင်ငွေဖြင့် နေထိုင်စားသောက်ပြီး ဇနီးသည် မနှင်းနှင်းကလျာ အပေါ်တွင် လင့်ဝတ္တရားမကျေပွန်သည့်အပြင် မနှင်းနှင်းကလျာရုံးတွင် ခန့်ထားသော ဝန်ထမ်းအမျိုးသမီးတစ်ဦးနှင့် ဖောက်ပြန်နေသည်ကို ကျွန်ုပ်မိတ်ဆွေမှ မြင်တွေ့ခဲ့ကြောင်း ညွှန်ကြားချက်အရ သိရပါသည်။

လူကြီးမင်း၏ ရိုက်နှက်မှုဒဏ်များကို ကျွန်ုပ်၏မိတ်ဆွေက အကြိမ်ကြိမ်သည်းခံခဲ့သော်လည်း အိမ်ထောင်ရေး အကြိမ်ကြိမ် ဖောက်ပြန်နေသော လူကြီးမင်းကို သည်းမခံနိုင်၍ ယောက္ခမဖြစ်သူထံ တိုင်တန်းခြင်း၊ မိခင်ဖြစ်သူထံ တိုင်တန်းပြီး အဆိုပါ အမျိုးသမီးဝန်ထမ်းကို အလုပ်မှ ထုတ်ပယ်ခဲ့ပြီးဖြစ်ကြောင်း လူကြီးမင်းအသိ ဖြစ်ပါသည်။

သို့သော် လူကြီးမင်းသည် ထိုအမျိုးသမီးနှင့်သာမက တခြား အမျိုးသမီးများနှင့်ပါ အိမ်ထောင်ရေးပြစ်မှုများ ဆက်တိုက် ကျူးလွန်နေသူဖြစ်၍ လူကြီးမင်းအား ရာဇဝတ်ကြောင်းဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ တရားမနစ်နာမှုအဝဝကိုပါ လူကြီးမင်းကပင် ဆက်လက် ဖြေရှင်းပေးရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **မနှင်းနှင်းကလျာ**
**အမှတ်(၅၀)၊ ၃-လွှာ၊ မိုးမခလမ်း၊ စမ်းချောင်းမြို့နယ်။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချစ်သက်ပိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၂၆)**
**အမှတ် -၁၄/၁၅(က)၊ 2-B၊ ဝေဠုဝန်(၆)လမ်း၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၇၅၃၆၊ ၀၉-၄၂၈၁၅၉၅၀၀**

## အယူခံမှုကိုဆိုင်ရန်ချိန်းဆိုသည့် နေ့ရက်ကိုအယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၀ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၉၉

| | |
|---|---|
| ဒေါ်ခင်စန်းရီ | နှင့် ၁။ ဒေါ်သောင်းမြိုင် |
| (ကွယ်လွန်သူဦးထွန်းဝင်း၏ဇနီး) | (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမျိုးမောင်မောင်နိုင်) |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်လင်းဦး) | ၂။ ဒေါ်စောမြိုင် (ကွယ်လွန်သူဦးခေါ်တော၏ဇနီး) |
| | ၃။ ဦးအောင်နိုင် (ကွယ်လွန်သူဒေါ်တင်မြ၏သား) |
| | ၄။ ဒေါ်ပြုံးကြည် (ကွယ်လွန်သူ ဦးထွန်းလင်း၏ တရားဝင်ကိုယ်စားလှယ်) |
| | ၅။ ဦးမြင့်အောင် |
| | ၆။ ဦးထွန်းထွန်းဝင်း |
| | ၇။ ဦးမြင့်ဟန် (လက်ဖက်ရည်ဆိုင်) |
| | ၈။ ဒေါ်မြင့်မြင့်စန်း(ခ)ဒေါ်မိငယ် |
| **(အယူခံတရားလို)** | **(အယူခံတရားပြိုင်များ)** |

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၉ ရက်စွဲပါ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမအယူခံမှုအမှတ် ၇၆ /၂၀၁၉ အမှုတွင် ချမှတ်သော အမိန့်အပေါ်အယူခံမှု။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဒန်းကျေးရွာနေ အယူခံတရားပြိုင် အမှတ်(၇) ဦးမြင့်ဟန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အယူခံတရားပြိုင် (၅) ဦးမြင့်အောင်ကွယ်လွန်သဖြင့် ၎င်း၏သမီးဖြစ်သူဒေါ်ဝင်းစန္ဒာမှ တရားဝင်ကိုယ်စားလှယ်လျှောက်ထားမှုအပေါ် သဘောထားတင်ပြရန်နှင့်ပတ်သက်၍သိစေရမည်။

ယခုအမှုတွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်(၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇/အနောက်)ရပ်ကွက်၊ မြေနီ/အောင်ချမ်းသာ(၈)လမ်း၊ အမှတ်(၁၁၅၉/က)၊ (၁)ခန်းတွဲ(၄)ထပ်ခွဲတိုက်၏ တတိယထပ်(၄)လွှာ၊ အကျယ်အဝန်း(၁၉ x ၅၄)ပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးဇော်ဇော်လွင်[၁၂/သကတ(နိုင်)၁၉၄၄၂၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇင်မိုး [၁၂/ဥကတ(နိုင်)၁၆၃၈၁၈]၊ ဒေါ်ချောချောလွင်[၁၂/သကတ(နိုင်)၁၂၇၁၇၉]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင် စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးညာဏ်မင်းထက်(LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ထပ်အဆောက်အဦ (၆) ရပ်ကွက်၊ တိုက်အမှတ်(B4)၊ အခန်းအမှတ်(၆၀၄)၊ ကြမ်းခင်းဧရိယာ(၆၇၆) စတုရန်းပေအဆောက်အဦအကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးထက်စိုးလင်းမှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစည်သူဝင်း (LL.B) (D.M.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၃၀၅)**
**အမှတ်(၁၀၀၈)၊ အင်းဝလမ်း၊ (၁၆) ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၁၇၇၅၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-င၊ မြေကွက်အမှတ်-၄၀၀၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်-(၄၀၀)၊ နွယ်နီ(၁၀)လမ်း၊ (င) ရပ်ကွက်၊ ဒေါ်ခင်ကြူ[၁၂/လသယ(နိုင်) ၀၁၁၅၀၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် - ဒေါ်ခင်ကြူထံမှ ဒေါ်ခင်မေဝင်းသည် (၁၅-၅-၂၀၀၇) ရက်စွဲပါ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပြီး ဒေါ်ခင်မေဝင်း(မိခင်)သည်(၂၈-၃-၂၀၀၈)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် သား/သမီးများဖြစ်ကြသော ဒေါ်မူမူလှိုင်၊ ဒေါ်ဖြူဖြူလှိုင်၊ ဒေါ်နုနုလှိုင်၊ ဒေါ်အေးအေးလှိုင်၊ ဒေါ်လဲ့လဲ့ဝင်း၊ ဒေါ်ဝင်းမိမိလှိုင်တို့ထံမှ(၁၈-၁၀-၂၀၁၁)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ-ဦးမျိုးသက်နိုင်၊ ဒေါ်ပိုက်ပိုက်မင်းတို့မှ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ်-၈၃/၂၀၂၂ ဖြင့် ဒေါ်ခင်ကြူ+၆ အပေါ် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုစွဲဆိုခဲ့ရာ(၂၄-၅-၂၀၂၃)ရက်နေ့က အထက်ဖော်ပြပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန်အမိန့်ရရှိခဲ့ပြီး ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်-၃၈/၂၀၂၃/၂၄-၇-၂၀၂၃ ရက်စွဲပါ အမိန့်အရ တရားရုံးကိုယ်စား ဘီလစ်စာရေးကြီး ဒေါ်သူဇာ[၆/ထဝန(နိုင်)၀၂၆၃၄၃]မှ ဖော်ပြပါတရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့်ဂရန်မူရင်း၊ (၂၀၀၅)ခုနှစ် ဘဏ်ချေးမြေပုံမူရင်းမှာ မိမိတို့မှအသိမ်းအဆည်းမှားယွင်းပြီး ပျောက်ဆုံးသွားပါကြောင်း၊ အခြားသူတစ်ဦးဦးအားရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်းမရှိ၊ လွှဲပြောင်းထားခြင်းမရှိ ဖြစ်ပေါ်လာမည့်ပြဿနာအရပ်ရပ်ကိုတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၃၃/၂၀၂၃/၁-၁၂-၂၀၂၃တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်-မမ-၁၁၊ ဦးပိုင်အမှတ်(၂၂)/၅၂ လမ်း၊ ဂန္ဓမာလမ်းနှင့် ယုဇနလမ်းကြားမြေကွက်အား တောဂရန်အမှုတွဲအမှတ်(၂၈၃၇/၉၂-၉၃)အရ တသစိုးဟန် မှတ်ပုံတင်အမှတ်[၁၂/မဂဒ(နိုင်)၀၁၄၄၃၀]အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးကျော်အံ့ဇော် မှတ်ပုံတင်အမှတ်[၈/ရစက(နိုင်)၁၂၇၃၈၂]မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးစိုးပြေအောင်[၁၂/ပဘတ(နိုင်)၀၃၂၄၅၆]သိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်-(၁၅၁)(၃-လွှာ)နေ ဦးဒါလ်ရှန်တုန်နုံဆန်[၁၂/ပဇတ(နိုင်)၀၃၂၉၈၆]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

(၂၄-၁၀-၂၀၂၃)ရက်စွဲပါ **"နှစ်ဦးသဘောတူဝန်ခံကတိပြုစာချုပ်"**အရ ဦးစိုးပြေအောင်မှ ကျွန်ုပ်၏မိတ်ဆွေ ဦးဒါလ်ရှန်တုန်နုံဆန်အား ပေးဆပ်ရန်ကျန်ရှိသော ငွေကျပ်(၂၅၉၅၀၀၀၀ိ/-) (ကျပ်သိန်းနှစ်ရာငါးဆယ့် ကိုးသိန်းငါးသောင်းတိတိ)အား (၂၄-၁၁-၂၀၂၃)ရက်နေ့တွင် တစ်လုံးတစ်ခဲတည်း အပြေအကျေပေးဆပ်သွားမည်ဟု ဦးစိုးပြေအောင်မှ ဝန်ခံကတိပြုစာချုပ်ချုပ်ဆိုခဲ့ သော်လည်း ယနေ့အချိန်အထိ အကြောင်းအမျိုးမျိုးပြကာ ပြန်လည်ပေးဆပ်ခြင်းမရှိသည့်အတွက် မိမိပေးဆပ်ရန်တာဝန်ရှိသော ငွေကြေးများအား ကျွန်ုပ်၏မိတ်ဆွေထံသို့ အမြန်ဆုံးလာရောက် ပေးဆပ်ရန်အတွက် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးဒါလ်ရှန်တုန်နုံဆန်၏ လွှဲအပ်ညွှန်ကြားချက်အရ -** | **ဦးပြည်သာကျော်မီ (LL.B) (တရားလွှတ်တော်ရှေ့နေ) စဉ်-၁၅၈၃၅ အမှတ်(၅၈)၊ ဒုတိယထပ်၊ မဟာဗန္ဓုလ ပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၄၇၄၀၄** |

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၁)၊ မြေကွက်အမှတ် (၁၆၅)၊ (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်ရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၁)ရပ်ကွက်၊ ပုဂံ(၂)လမ်း၊ အမှတ် (၁၆၅) ဟုခေါ်တွင်သော မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါက်တာဘသောင်း (SLM-၁၀၇၀၀၁၊ ၁/မကန(နိုင်)၀၁၃၂၉၇) အမည်ပေါက်ကြောင်း၊ ရောင်းသူ ဦးမင်းထွန်းလင်း [၁၄/ဝခမ(နိုင်)၁၀၆၁၉၉]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းစိုးမေ [၁၃/နမတ(နိုင်)၀၁၁၃၂၇]မှ အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤပါမစ်မြေကွက်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ စံပယ်(၁)လမ်း၊ မြေကွက်အမှတ်(၂၅၇/က)၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေချပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိမြို့မြေစာရင်းတွင် **ဦးထွန်းဖေ[၁၂/ဗဟန(နိုင်)၀၂၅၈၂၃]** အမည်ဖြင့်အမည်ပေါက်မှတ် သားတည် ရှိပြီး အမည်ပေါက်ကွယ်လွန်၍ ၎င်း၏သားဖြစ်သူ **ဦးသန်းဝင်း[၁၂/ဗဟန(နိုင်)၀၀၀၃၂၆]**ထံမှ **ဦးမျိုးသက်ငွေး[၁၂/သဃက(နိုင်)၀၄၄၇၁၂]**သည် **"နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ"**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၅၆၃)** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စ ရပ်ကွက်၊ အကွက်အမှတ် ထထ-၃၈၊ ဦးပိုင်အမှတ်(၄၁)/၅၈ x ၅၉ လမ်းကြား၊ ကျန်စစ်သားနှင့် ဗန္ဓုလလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒုအရာခံဗိုလ်ဖိုးထူး[၆/ထဝန(နိုင်)၀၆၂၅၄]၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၈၁၂၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စန်းစန်းရီ [၉/မရတ(နိုင်)၀၅၂၅၆၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ် က-၇၊ ဦးပိုင်အမှတ်(၁-ဆ/၂)/၆၂လမ်း၊ ၁၀၉ x၁၁၀လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမင်းသန့်ဝင်းရွှင် [၉/မနမ(နိုင်)၀၁၂၂၁၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နံ့သာကုန်းစက်ဘီးနှင့် ယာဉ်အပိုပစ္စည်း ရောင်းဝယ်ရေး စခန်းရှိ အဆောင်(၁၂)၊ အခန်း(၁)ပိုင်ရှင်ဖြစ်သူ မှတ်ပုံတင်အမှတ် [၁၂/ပဘတ(နိုင်)၀၃၈၂၃၄]၏ ဆိုင်ခန်းအမည်ပြောင်းခွင့်ပြုမိန့်၊ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်တို့တွင် ပါရှိသောအမည်မှာ ဦးမောင်မောင်တင်နှင့် မှတ်ပုံတင်ပါ အမည်မှာ ဇီရာအူရာဟဲမန်(ခ)မောင်မောင်တင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဗ-၁၉၊ ဦးပိုင်အမှတ်(၆၆-က)/ မဉ္ဇူလမ်းနှင့် ခတ္တာလမ်းကြား၊ ၅၅ x ၅၆ လမ်းကြား မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၅၀၁/၉၂-၉၃)အရ ဦးအောင်သိန်း မှတ်ပုံတင်အမှတ်[၉/မရတ(နိုင်)၀၃၅၁၃၄]အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်ဝင်းဝင်းနွယ် မှတ်ပုံတင်အမှတ်[၅/ကလထ(နိုင်)၁၆၅၅၉၄]မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ်-၇၀၄၊ မြေကွက်တည်နေရာအမှတ်-၇၀၄၊ တိမ်ညို(၁)လမ်း၊ ၉ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (ဦးမင်းမော်ငွေး) (OPO-၀၂၉၇၉၃)အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်ထံမှ အရောင်းစာချုပ်အမှတ် ၃၆၀၂/၁၂-၉-၂၀၀၂ ဖြင့် ဝယ်ယူသူ ဒေါ်သန်းသန်း [၁၂/သဃက(နိုင်)၀၈၅၆၀၀] (မိခင်)သည် (၁-၉-၂၀၁၉)နေ့ တွင်ကွယ်လွန်ပြီး ၎င်း၏ပထမ အိမ်ထောင်ဖြစ်သူ ဦးတင်အုန်း (ခ) တင်အုံး (ဖခင်) နှင့် ဒေါ်မာလာအုံး(ခ) ခင်မာလာအုံး [၁၂/သဃက(နိုင်)၀၀၇၂၆၆]၊ TGKN - ၀၃၀၆၂၈]၊ ဒေါ်ယဉ်ယဉ်အုန်း (ခ) ဒေါ်ရင်ရင်အုံး [၁၂/သဃက(နိုင်)၀၈၅၆၀၉]၊ ဦးကျော်ဝင်း [၁၂/ဒဂရ(နိုင်)၀၁၃၈၆၂]၊ ဦးမျိုးဝင်း [၁၀/ကထန(နိုင်) ၀၀၅၈၅၉] တို့မောင်နှမ (၄)ဦးမွေးဖွားခဲ့ပြီး ၎င်းတို့မောင်နှမ (၄)ဦး နှင့် အတူ(မိခင်) ဒေါ်သန်းသန်း၏ ဒုတိယအိမ်ထောင်ဖြစ်သော ဦးထွန်းကြည် နှင့် ဦးအောင်အောင်ထွန်း[၁၂/မဂဒ(နိုင်) ၁၃၅၁၉၅]၊ ဦးဇော်ဇော်ထွန်း [၁၂/သဃက(နိုင်) ၁၅၇၅၃၄]တို့ညီအစ်ကို(၂)ဦးအား မွေးဖွားခဲ့ပြီး ၎င်းတို့ညီအစ်ကို(၂)ဦးတို့မှ ပူးတွဲ၍ မိခင်/ဖခင်တို့၏ သေစာရင်းများ၊ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ သားသမီး(၆)ဦးလုံး၏ ဂရန်ပျောက်ဆုံးကြောင်းနှင့် သားသမီးအရင်းများ တော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ အိမ်ထောင်စုစာရင်း၊ အရောင်းစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်း စစ်ဆေးရာမြေပေါ်တွင် (၁) ထပ်သွပ်မိုး အထပ်သားကာအဆောက်အဦတစ်လုံးရှိပြီး လျှောက်ထားသူ မောင်နှမ(၄)ဦး နေထိုင်ပြီး ကွင်းဆင်းစစ်ဆေးသည် ကိုသိရှိကြောင်း လျှောက်ထားသူတို့မှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်မာလာအုံး(ခ) ခင်မာလာအုံး + ၅ တို့မှ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ ချည်ထုတ်လုပ်သည့် အောက်ဖော်ပြပါစက်ရုံများမှ ချည်အမျိုးမျိုးအား တင်ဒါအမှတ်စဉ် (၁၆/၂၀၂၃-၂၀၂၄)ဖြင့် ရောင်းချလိုပါ၍ တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**စဉ် စက်ရုံအမည်**

(က) အမှတ်(၇)အထည်စက်ရုံ (မြစ်သား)

( ခ ) အမှတ်(၈)အထည်စက်ရုံ (ပျော်ဘွယ်)

တင်ဒါပုံစံရောင်းချမည့်ရက် -၃-၁-၂၀၂၄ (ဗုဒ္ဓဟူးနေ့)

တင်ဒါပိတ်ရက် -၁၆-၁-၂၀၂၄ (အင်္ဂါနေ့)

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းနိုင်ပါသည်-

**ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။**
**၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၂၀၃၊ ၀၆၇-၄၀၈၃၆၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဦးထွန်းငြိမ်းလမ်း၊ အမှတ် (၂) တည်ရှိရာ Diamond Inya Palace အဆောင့်မြင့် ကွန်ဒိုအဆောက်အဦ၏ အထပ် (၁၂)၊ Room Type (B4-1)၊ အခန်းအမှတ် (၁၂-၀၂)၊ ဧရိယာ(၁၉၅၅) စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်တို့၏ ပိုင်ရှင်ဒေါ်ခင်မြင့်မြင့်ဦးနှင့် ကျွန်ုပ်၏မိတ်ဆွေက ဖော်ပြပါကွန်ဒိုတိုက်ခန်းကိုအရောင်းအဝယ်ပြုလုပ်ရန် နှစ်ဦးနှစ်ဖက်သဘောတူညီကြ၍ ရောင်းချသည့်တန်ဖိုးငွေမှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးပါက ဖော်ပြပါအရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်လှတင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)**
**အမှတ်-၁၃၈/၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၂၁၂၄၄၊ ၀၉-၄၅၅၀၂၁၂၄၄**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၁)၊ မြေကွက်အမှတ်-(၇၅)၊ အကျယ်အဝန်း(၆၀ ပေX ၈၀ ပေ)၊ ဧရိယာ (၀.၁၁၀)ဧက၊ (၄၈၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-(၇၅)၊ မြရတနာလမ်း၊ (၂)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် မောင်သူ့ထက်ထွန်း [အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူ ဖခင်ဦးထွန်းနိုင်ဦး-၁၂/မဂဒ(နိုင်)၁၄၈၅၃၉] အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အမည်ပေါက်ကိုယ်စား ဖခင်ဖြစ်သူ ဦးထွန်းနိုင်ဦးက နှစ်(၆၀)မြေငှားဂရန်မူရင်း၊ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများအားပြသပြီး အရှုပ်အထွေးကင်းရှင်းကြောင်း၊ တရားဝင်လက်ရှိထားစီမံခန့်ခွဲလျက်ရှိကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာအောင်[၁၂/သလန(နိုင်)၀၁၀၅၄၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာချက်ပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက မြေနှင့်အိမ်အရောင်းအဝယ်ကို ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုသန္တာဝင်း (LL.B , LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၉၈)**
**အမှတ်-၁၇၈၊ အခန်း(၅)၊ ဒုထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၃၁၁၅၀၊ ၀၉-၈၈၀၀၁၅၈၈၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၃-ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၁

**မြန်မာရှေ့ဆောင်ဘဏ်လီမိတက် (ဝေဇယန္တာဘဏ်ခွဲ)** နှင့် ၁။ **ဒေါ်လှယဉ်ဝင်း**
(၎င်း၏ကိုယ်စား ဦးစန်းအောင်- ၂။ **ဒေါ်ခင်စန်းရီ**
Assistant Vice President)

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ အမှတ်(၇၇)နေ (ယခုနေရပ်လိပ်စာမသိသူ) **ဒေါ်လှယဉ်ဝင်း**နှင့် အမှတ်(၂) တရားပြိုင်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၁၃၇၇/ခ)နေ (ယခုနေရပ်လိပ်စာမသိသူ) **ဒေါ်ခင်စန်းရီ**တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **"အကြွေးဝယ်ကတ် (Credit Card)ချေးငွေရလိုမှု"** လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စား ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းတို့၏ရှေ့နေနှင့်ပါဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၆)ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း(၆)ရက်နေ့၊ အင်္ဂါနေ့) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄-ခုနှစ်၊ ဇန်နဝါရီလ ( ၂ )ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းထက်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၃-ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၂

**မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (ဝေဇယန္တာဘဏ်ခွဲ)** နှင့် ၁။ **ဒေါ်ဝင်းဝင်းမာ**
(၎င်း၏ကိုယ်စား ဦးစန်းအောင်- ၂။ **ဒေါ်ခင်စန်းနွယ်**
Assistant Vice President)

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ အမှတ်(၂၀/၁)နေ (ယခုနေရပ်လိပ်စာမသိသူ) **ဒေါ်ဝင်းဝင်းမာ**နှင့် အမှတ်(၂)တရားပြိုင်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ အမှတ်(၂၀/၁)နေ (ယခုနေရပ်လိပ်စာမသိသူ) **ဒေါ်ခင်စန်းနွယ်**တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **"အကြွေးဝယ်ကတ် (Credit Card) ချေးငွေရလိုမှု"** လျှောက်ထားစွဲဆို ထားသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍၊ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စား ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းတို့၏ရှေ့နေနှင့်ပါဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း(၆)ရက်နေ့၊ အင်္ဂါနေ့) မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလုပ်လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄-ခုနှစ်၊ ဇန်နဝါရီလ (၂)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းထက်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## အသိပေးအကြောင်းပြန်ကြားချက်

လားရှိုးမြို့ ၊ နယ်မြေ(၄) ၊ ရပ်ကွက် (၁၀)နေ ဦးမြင့်ငွေ (ဘ) ဦးမောင်နွဲ့ [၅/မရန(နိုင်)၂၂၀၁၇၅]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းပြန်ကြားအပ်ပါသည်-

(၂၃-၁၂-၂၀၂၃)ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် ဦးသိန်းလွင် [၁၃/ကတန(နိုင်)၀၁၁၄၆၆]ကိုင်ဆောင်သူ၏ အသိပေးအကြောင်းကြားခြင်းခေါင်းစဉ်ဖြင့် ကြေညာခဲ့သည့်အပေါ် အောက်ပါအတိုင်း ပြန်လည်အသိပေးကြေညာအပ်ပါသည် -

ဦးသိန်းလွင်သည် (၂၃-၁၂-၂၀၂၃)ရက်နေ့ပါ ကြေညာချက်သည် မမှန်မကန်ကြေညာခဲ့ခြင်းသာဖြစ်ပြီး မူလရောင်းချစဉ်က ယခုသတင်းစာတွင် ကြေညာခဲ့သည့် လားရှိုးမြို့နယ်၊ နောင်ဖော့ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၀ လွယ်လမ့်ရွာမ)၊ ဦးပိုင်အမှတ်(၁၂)၊ ယာမြေအမျိုးအစား မြေချိန်ဧရိယာ (၀.၅၀)ဧကအတွင်းမှ အရှေ့အနောက်ပေ(၁၅၀)၊ တောင်မြောက်ပေ (၇၀)ကိုသာ ရောင်းချခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့ခြင်းမှာလည်း မမှန်မကန်ဖော်ပြခဲ့ခြင်းသာဖြစ်ပြီး ဦးပိုင်(၁၂)ပါ ဧရိယာ(၀.၅၀)အပြင် ၎င်းမြေနှင့် ဆက်စပ်လျက်ရှိသော လားရှိုးမြို့နယ်၊ နောင်ဖော့ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၀ လွယ်လမ့်ရွာမ)၊ မြေကွက်အမှတ်(၃၃)၊ ဧရိယာ (၈.၈၉)ဧက အကျယ်အဝန်းရှိမြေကိုပါ ဦးသိန်းလွင်ပိုင်ဆိုင်ကြောင်း ပြောဆိုကမ်းလှမ်းခဲ့၍ နှစ်ဦးသဘောတူ မြေအရောင်းအဝယ်ပြုလုပ်ခဲ့ပြီးနောက်ပိုင်း ဦးသိန်းလွင်က ဦးပိုင်(၁၂)မြေ၏ ဧရိယာ(၀.၅၀)ကေအတွင်းမှ အရှေ့အနောက်ပေ(၁၅၀)၊ တောင်မြောက်ပေ (၇၀) သာပေးမည်ဖြစ်ကြောင်း၊ နှစ်ဦးသဘောတူပြောဆိုစဉ်က ဦးပိုင်(၁၂)နှင့် ဆက်စပ်လျက်ရှိသော မြေကွက်အမှတ်(၃၃) အား မပါဝင်ကြောင်း၊ နှစ်ဦးသဘောတူပြောဆို၍ အရောင်းအဝယ်ပြုလုပ်စဉ်က မြေကွက်အမှတ်(၃၃)မြေနှင့် ပတ်သက်၍ ကျေးရွာထောက်ခံချက် ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ တရားဝင်စာချုပ်ချုပ်ခြင်းနှင့် အခွန်ဆောင်ခြင်းများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း ဦးသိန်းလွင်မှ သက်သေများရှေ့ ဝန်ခံကတိပြုခဲ့သော်လည်း ဦးသိန်းလွင် ဝန်ခံကတိပြုသည့်အတိုင်း ဆောင်ရွက်ခြင်းမရှိသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ငွေက ကျန်ငွေများကို ဆက်လက်ပေးချေရန် ဆိုင်းငံ့ထားခြင်းဖြစ်ပါသည်။ ဦးသိန်းလွင်အနေဖြင့် ဝန်ခံကတိပြုသည့်အတိုင်း ဆောင်ရွက်ပေးပါက ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် ရောင်းကြေးကျန်ငွေများအား ဆက်လက်ပေးချေရန် အဆင်သင့်ရှိပါသည်။ လူကြီးမင်းပေးအပ်ထားသော စာရွက်စာတမ်းမူရင်းများလည်း ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ငွေလက်ဝယ်တွင်ရှိနေပြီး လူကြီးမင်းအနေဖြင့် လူကြီးမင်း ဝန်ခံကတိပြုခဲ့သည်များကို ဆက်လက်ဆောင်ရွက်ပေးရန်နှင့် ကျွန်ုပ်၏မိတ်ဆွေအား ရောင်းချထားသည့် မြေများနှင့်ပတ်သက်၍ ထပ်မံရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ တစ်စုံတစ်ရာ မပြုလုပ်ရန် အသိပေးအကြောင်းပြန်ကြားအပ်ပါသည်။

အကယ်၍ လူကြီးမင်းဝန်ခံကတိပြုသည်ကို လိုက်နာရန် ပျက်ကွက်ပါက ရာဇဝတ်ကြောင်း၊ တရားမကြောင်းများဖြင့် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သတိပေးအကြောင်းကြားအပ်ပါသည်၊

**ဦးမြင့်ငွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးထွန်းထွန်းဇော် LL.B. (Q)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၅၃၄)**
**၆၃-(A)လမ်းx၃၃(A)ထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၂၀၁၆၇၁၄၊ ၀၉-၈၈၄၂၀၁၇၁၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ အမှတ်(ဘီ/၁၆ဘီ)နေ ဦးဇော်မင်း [၁၂/ဥကတ(နိုင်)၁၀၀၄၂၀]နှင့် ဒေါ်ရီရီခိုင်[၁၂/ဥကတ(နိုင်)၁၈၅၄၈၁]တို့၏ သမီးဖြစ်သူ မသီရိယမင်းဇော် [၁၂/မရက(နိုင်)၁၆၆၀၃၄]သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုနာခံမှုမရှိခြင်း၊ မိခင်နှင့် ဆွေမျိုးအသိုင်းအဝိုင်းတို့၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော လုပ်ရပ်များကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းတို့ကြောင့် မိခင်ဖြစ်သူမှာ စိတ်ဆင်းရဲကြီးစွာခံစားခဲ့ရပြီး၊ ကိုယ်စိတ်နှလုံးသုံးပါးစလုံးထိခိုက်ခဲ့ရပါသည်။ ထို့ကြောင့် မသီရိယမင်းဇော်ကို ယနေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေက သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်သတ်မှတ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို ကျွန်ုပ်၏မိတ်ဆွေက တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ယင်းကဲ့သို့ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်းနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီရီခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဇော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၁၃)**
**အမှတ်-၁၇၊ နံ့သာမြိုင်(၁)လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၀၆၃၁၂၅၊ ၀၉-၇၆၆၆၈၈၄၈၄**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ သစ်တော(၃)လမ်း၊ အမှတ်(၁၁၂၁)ဟုခေါ်တွင်သော ဦးသောင်းရွှေအမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း (အလျား ၄၀ပေX အနံ ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသက်ပိုင်စိုး [၁၂/ဥကမ(နိုင်)၂၀၂၆၀၄]မှပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမာ [၁၂/မရက(နိုင်)၀၆၉၉၀၇]က ရောင်းချသည့် တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ဌေး(LL.B)(တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၁၂၀၁၅)(၁၄-၂-၂၀၁၇)၊**
**အမှတ်(၃၀)၊ ဗမ္မူသီရိအနောက်(၁)လမ်း၊ ၆/အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-421181822**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၄၆၇)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဦးသောင်းဝင်း(ဘ)ဦးကျော်တင်[၉/ပမန(နိုင်)၁၀၉၆၃၃] အမည်ပေါက် မြေကွက်အားအမည်ပေါက်သူကိုယ်စား ဦးမင်းရွှေ(ဘ)ဦးသောင်းကျော်[၇/ဝမန(နိုင်)၁၀၉၆၀၇]မှ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၇၆၂/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး ခြံစည်းရိုးကာရံခွင့်တင်ပြရန်အတွက် **မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊ တိုက်အမှတ်(A)၊ အခန်းအမှတ်(၆၀၂)၊ ၆လွှာ၊ ဧရိယာ(၁၇၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ သက်ဆိုင်အကျိုးခံစားခွင့်ရှိပါကခိုင်လုံသော အထောက်အထားမူရင်းဖြင့်**

## "ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ Owner Book (အမှတ်စဉ်-၀၄၁၅၀) အရ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ လက်ရှိထား ပိုင်ဆိုင်သူဖြစ်ကြောင်း၊ မိမိတစ်ဦးတည်းသာ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် ကြိုတင်လွှဲပြောင်း၊ ရောင်းချထားခြင်းတို့ မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သည့် ဒေါ်သန်းသန်းစိုး [၁၂/အစန(နိုင်)၁၃၈၂၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ လာရောက်တွေ့ဆုံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်တွေ့ဆုံ ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားဆွိ LL.B,D.I.L,Dip in Eng**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**Ph:09-972734996, 09-791454531**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊ သရက်တော(၃)လမ်းနေ ဒေါ်ခင်စောမြင့် [၁၂/ကမတ(နိုင်)၀၃၉၄၆၂]၏ သမီးဖြစ်သူ မနှင်းဝေဦး [၁၂/ကမတ(နိုင်)၀၆၈၁၃၂]သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်ခင်စောမြင့်**

**မိဘမေတ္တာ**
**ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊**
**တောင်ပိုင်း၊ မြောက်ပိုင်း**
**ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ**
**ဈေးကောင်းပေးဝယ်လိုသည်။**
**09 422 848 224**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်၊ ၉၀၆-ဃ/၄၁၀၊ ဦးပိုင်အမှတ် (၅၅)/ ၇၈-ရန်- မန်း လမ်း ကြား၊ ကျွဲဆည်ကန်(၄)လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ဝင်း [၁၂/ဗတထ(နိုင်) ၀၁၉၉၄၆]၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၁၀၁၁၄/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးမြတ်ဝင်း [၁၂/ဗတထ(နိုင်)၀၂၁၁၃၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝ ယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်၊ ယ-၅၊ ဦးပိုင်အမှတ်(၄၁)/ ၆၉x၇၀ကြား၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လှရီ [၉/အမရ(နိုင်)၀၃၃၆၈၂]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၂၆/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နွယ်နွယ်နိုင် [၉/မရတ(နိုင်)၀၀၉၃၆၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်၊ ခခ-၁၆၊ ဦးပိုင်အမှတ်(၆၆)/၆၂x၆၃ကြား၊ မင်္ဂလာလမ်းနှင့် ရတနာလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်မိုးဇင် [၁၃/တကန(နိုင်)၀၀၁၄၇၃]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၁၇၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဗိုလ်ဗိုလ်ဟန် [၈/စလန(နိုင်) ၁၁၇၇၀၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များ ဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်း ဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် မှီခိုနေရခြင်းကြောင့် အပြန်အလှန် အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကိစ္စရပ်များ ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)

## ယနေ့ ဖတ်စရာ


သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း စာမျက်နှာ » ၁၀

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း စာမျက်နှာ » ၁၆

စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်း စာမျက်နှာ » ၂၁




၂၀၂၃ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည့် ရှမ်းယူနိုက်တက်အသင်း အောင်ပွဲခံစဉ်။

## မြန်မာကလပ်ယှဉ်ပြိုင်ခွင့်ရမည့် အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ ပြန်လည်ကျင်းပရန် စီစဉ်

ရန်ကုန် ဇန်နဝါရီ ၃

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကာလအတန်ကြာကျင်းပနိုင်ခြင်းမရှိသည့် အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲကို ယခုနှစ်တွင် ပြန်လည်ကျင်းပရန် စီစဉ်ထားသည်။

၂၀၀၃ နှင့် ၂၀၀၅ ခုနှစ်တွင် ကျင်းပပြီးနောက် ဆယ်စုနှစ်နှစ်ခုနီးပါး ကျင်းပနိုင်ခြင်းမရှိသည့် အာဆီယံ ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၂၄-၂၀၂၅ ရာသီတွင် ပြန်လည်ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၄-၂၀၂၅ ရာသီ အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲကို ၂၀၂၄ ခုနှစ် ဇူလိုင်လ နောက်ဆုံးအဆင့်ပွဲစဉ်များကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှ ၂၀၂၅ ခုနှစ် မေလအထိ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှဒေသတွင်းမှ ကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အဆင့်သတ်မှတ်ချက်မြင့်မားသည့် နိုင်ငံများအနေဖြင့် တစ်နိုင်ငံလျှင် နှစ်သင်းယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တစ်သင်းသာယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပဖြစ်ပါက လိဂ်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

ကျင်းပပြီးစီးခဲ့သည့် နှစ်ကြိမ်အနက် ၂၀၀၃ ပြိုင်ပွဲတွင် အိန္ဒိယကလပ် အရှေ့ဘင်ဂေါအသင်း၊ ၂၀၀၅ ပြိုင်ပွဲတွင် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာ စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❖

## လောက်ကိုင်မှ အွန်လိုင်းတွင် ငွေလိမ်လည်သည့် အဖွဲ့ခေါင်းဆောင်များကို တပ်မတော်က ရဟတ်ယာဉ်ဖြင့် ခေါ်ထုတ်ပြောင်းရွှေ့ပေးနေသည်ဟု မဟုတ်မမှန် သတင်းတု သတင်းမှားများ ဖြန့်ဝေ

နေပြည်တော် ဇန်နဝါရီ ၃

ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်မှ အွန်လိုင်းတွင် ငွေလိမ်လည်သည့် အဖွဲ့ခေါင်းဆောင်များကို တပ်မတော်က ရဟတ်ယာဉ်ဖြင့် ခေါ်ထုတ်ပြောင်းရွှေ့ပေးနေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media က သတင်းတု သတင်းမှားများ ဖြန့်ဝေရေးသား၍ ဝါဒဖြန့်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းတွင် လိမ်လည်ခြင်း၊ လောင်းကစားပြုလုပ်ခြင်းများအား တားဆီးကာကွယ်ရန် ဥပဒေများ ထုတ်ပြန်ထားရှိပြီးဖြစ်ကာ ထိုသို့ အွန်လိုင်းတွင် လိမ်လည်ခြင်း၊ လောင်းကစားပြုလုပ်ခြင်း လုပ်ကိုင်နေသူများကို စိစစ်ဖော်ထုတ်၍ ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရမိထားသည့် ပြည်ပနိုင်ငံများမှ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❂






## ဘာမင်ဂမ်စီးတီးအသင်း နည်းပြရွန်းနီအား ထုတ်ပယ်

ဘာမင်ဂမ်စီးတီးအသင်းဟာ ချန်ပီယံရှစ်ပြိုင်ပွဲမှာ နည်းပြရွန်းနီကို ၈၃ ရက်ကြာ တာဝန်ယူကိုင်တွယ်စေခဲ့ပြီးနောက် အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်လိုက်ပြီဖြစ်ပါတယ်။

ဘာမင်ဂမ်စီးတီးအသင်းအနေနဲ့ အသက် ၃၈ နှစ်အရွယ်ရှိ နည်းပြရွန်းနီကို အောက်တိုဘာ ၁၁ ရက်က အသင်းနည်းပြအဖြစ် ခန့်အပ်ခဲ့တာဖြစ်ပြီး ဘာမင်ဂမ်စီးတီးအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့တဲ့ ချန်ပီယံရှစ်ပွဲစဉ် ၁၅ ပွဲမှာ ရမှတ် ၁၀ မှတ်သာရရှိခဲ့တာကြောင့် နည်းပြရွန်းနီအား အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့တာဖြစ်ပါတယ်။ ဘာမင်ဂမ်စီးတီးအသင်းဟာ ချန်ပီယံရှစ်ပွဲစဉ် (၂၆)ပွဲ ပါဝင်ကစားပြီးချိန်မှာ ရမှတ် ၂၈ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၂၀)နေရာမှာ ရပ်တည်နေပါတယ်။

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်တဲ့ ရွန်းနီဟာ ဒါဘီကောင်တီအသင်းနဲ့ မေဂျာလိဂ်ကလပ် ဒီစီယူနိုက်တက်အသင်းတို့မှာ နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ဘာမင်ဂမ်စီးတီးအသင်းက ထုတ်ပယ်လိုက်ပြီဖြစ်တာကြောင့် စတိဗ်စပွန်နာက ဘာမင်ဂမ်အသင်းရဲ့ ယာယီနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

ငွေကြယ်